
mgyaye.com SAMPLE BOOK



# dead-end memories

banana yoshimoto

# လမ်းဆုံးမှတ်ဉာဏ်များ

အာကာဦး

mgyaye.com

mgyoe.com SAMPLE BOOK



illustrated by mar na

လမ်းဆုံးမှတ်ဉာဏ်များ - အာကာဦး

9 782024 000785

630499001

Price: 7500.00

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၇၈)

## ပုံနှိပ်မှတ်တမ်း



# အာကာဦး

## လမ်းဆုံးမှတ်ဉာဏ်များ

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ မတ်လ

မျက်နှာဖုံးဒီဇိုင်း ♦ မာထာ

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၇၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

အာကာဦး
လမ်းဆုံးမှတ်ဉာဏ်များ / အာကာဦး။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၂၀၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၇၈) လမ်းဆုံးမှတ်ဉာဏ်များ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ သူရဲအိမ် ၉

၂။ မေမေရေ. . . ၅၇

၃။ တစ်စက်ကလေးမှ မခွေးထွေးပါ ၁၁၅

၄။ တိုမိုချန်ရဲ့ ပျော်ရွှင်မှု ၁၃၄

၅။ လမ်းဆုံးမှတ်ဉာဏ်များ ၁၅၀


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# သရဲအိမ်

"ဒါဆို ငါ ဟော့ပေါ့စားချင်တယ်။ ဒါပေမဲ့ အိမ်မှာ တစ်ယောက်တည်း စားရတာကတော့ ဘယ်လိုမှ ဖီးမလာဘူး။ ဒါကြောင့် ငါတို့ အတူတူစားကြရအောင်လေ။ ဘယ်လိုလဲ"

"အလုပ်မှာတုန်းက နင့်ရဲ့အကူအညီတွေ အများကြီး ရခဲ့တာဆိုတော့ ကျေးဇူးဆပ်တဲ့အနေနဲ့ ငါ ရထားတဲ့ လုပ်အားခနဲ့ နင့်ကို တစ်ခုခု ဝယ်ကျွေးချင်တယ်" လို့ ကျွန်မ ပြောလိုက်မိတာပဲ။

ဒါနဲ့ အီဝါကုရဆီကနေ အထက်ကအတိုင်း စကားပြန်ရလာခဲ့တယ်။

ကိုယ်ပိုင်တိုက်ခန်းတစ်ခန်းရှိတဲ့ ယောကျာ်းလေးတစ်ယောက်ဆီကနေ အခုလို ဖိတ်ကြားချက်မျိုး ရလာခဲ့ရင် ဘယ်လိုတုံ့ပြန်ရမယ် ဆိုတာကို ကျွန်မ သိပ်ပြီး နားလည်တာ မဟုတ်ပါဘူး။

ဒီလို စကားမျိုးကို အီဝါကုရရဲ့ ပါးစပ်ကနေ ပြောထွက်လာတာဆိုတော့ ကျွန်မအထင် ပြောရရင် သူက စကားကို ဝေ့လည်ကြောင်ပတ်ပြောနေတာမျိုးလည်း ဟုတ်ပုံမရဘူး။ နောက်ပြီး သူ့တိုက်ခန်းက ဒီအနီးအနားမှာပဲ ရှိနေတယ်လို့ သူ ပြောခဲ့ဖူးတယ်။

သူ ပြောပုံက ပေါ့ပေါ့ပါးပါးရယ်။ နောက်ပြီး သူ့မျက်နှာကလည်း ဘယ်လိုမှ အပြောင်းအလဲမရှိလေတော့ ကျွန်မရဲ့ နှလုံးသားကလည်း တစ်ချက်ကလေးတောင်မှ

mgyoe.com

mgyoe.com SAMPLE BOOK

တုန်ခါလှုပ်ယမ်း မသွားခဲ့ဘူး။

သူ့ကိုယ်ပေါ်မှာ အလင်းနဲ့ အမှောင်ကို တွဲစပ်ထားတဲ့ စိတ်ဝင်စားဖွယ်ရာ တစ်စုံတစ်ခု ရှိနေတယ်။ တိမ်ထူထပ်နေတဲ့ ဆောင်းလယ်က မိုးကောင်းကင်ကြီးလိုပေါ့။ အဲဒီအချက်ကြောင့်ပဲ ဟိုး စတွေ့ကတည်းက သူ့ကို စိတ်ဝင်စားကြည့်ဖို့ ကျွန်မ တွန့်ဆုတ်နေခဲ့မိတယ်။ ဆယ်ကျော်သက် ချစ်သူတွေ အကြားမှာ ရှိတတ်ကြတဲ့ သွေးကြွတဲ့ ခံစားချက်မျိုး၊ ချစ်သူရဲ့ရင်ခွင်ကို ဖြုန်းခနဲ ပြေးဝင်ချင်လောက်အောင် ဖြစ်ပေါ်လာတဲ့ ခံစားချက်မျိုးကို သူ့ကြောင့် ကျွန်မ တစ်ခါသားမှ မခံစားခဲ့ရဖူးဘူး။

"ငါ နင့်တိုက်ခန်းလာပြီး ချက်ပြုတ်ပေးမယ်လေ" အဲဒီလို ကျွန်မ ပြောလိုက်ပြီး စိတ်မပါ့တပါနဲ့ပဲ ကျွန်မတို့ ရက်တစ်ရက် သတ်မှတ်လိုက်ကြတယ်။

ကျွန်မတို့ဟာ တက္ကသိုလ်ကျောင်းဝင်းထဲက ဇယ်ကိုဗာပင်မြင့်ကြီးရဲ့ အောက်မှာရှိတဲ့ ခုံတန်းလျားပေါ်မှာ ထိုင်နေခဲ့ကြတာ။

ကျွန်မမှာ သူငယ်ချင်း များများစားစားရှိတာ မဟုတ်ဘူး။ မရှိမဲ့ရှိမဲ့ သူငယ်ချင်းတွေကလည်း သူတို့ရဲ့ အချိန်ပိုင်း အလုပ်တွေကြောင့် အတန်းတက်ဖို့တောင် အနိုင်နိုင်ရယ်။ ကျွန်မတို့ရဲ့တက္ကသိုလ်လို အခြေခံလူတန်းစားတွေပဲတက်တဲ့ ပုဂ္ဂလိက ကျောင်းမှာတော့ အဲဒီလို အခြေအနေမျိုးက ထူးထွေဆန်းပြားတဲ့ ကိစ္စတစ်ခုတော့ မဟုတ်ဘူး။ ဒီလိုနဲ့ပဲ ကျောင်းဝင်းထဲမှာ အဖော်မဲ့နေကြတဲ့ အီဝါကုရနဲ့ ကျွန်မတို့ နှစ်ယောက်ဟာ အလိုအလျောက်ပဲ အရင်းနှီးဆုံးသူငယ်ချင်းတွေ ဖြစ်လာကြတယ်။

❄

ကျွန်မတို့နှစ်ယောက် စတွေ့ဖြစ်ခဲ့ကြတဲ့ အကြောင်းက ဒီလိုလေ။ သူ အလုပ်လုပ်နေတဲ့ ဘားဆိုင်မှာက တခြားဖျော်ရည်နဲ့ အစားအစာတွေကိုလည်း ရောင်းတယ်။ အဲဒီဆိုင်မှာ ကျွန်မ သူငယ်ချင်းတစ်ယောက်က အချိန်ပိုင်း အလုပ်ဝင်နေတယ်။ တစ်နေ့တော့ သူ့ရဲ့ အလုပ်ချိန်ကို ကျွန်မက လူစားထိုးပြီး ဝင်လုပ်ပေးရင်းနဲ့ အီဝါကုရကို ပထမဆုံးအကြိမ် ဆုံဖူးခဲ့တာပဲ။

အဲဒီနောက်တော့ တက္ကသိုလ်ကျောင်းဝင်းထဲမှာ ကျွန်မတို့နှစ်ယောက် မျက်နှာချင်းဆိုင် ဆုံမိကြရင် ရပ်ပြီး စကားစမြည် ပြောဖြစ်ခဲ့ကြတယ်။ ဒါမှမဟုတ် တစ်နေရာရာမှာ နေ့လယ်စာ အတူစားဖြစ်ခဲ့ကြတယ်။

သူ့မိဘတွေက ကျွန်မတို့မြို့မှာ နာမည်ကြီးတဲ့ ကိတ်မုန့်ဆိုင်တစ်ဆိုင်ကို ဖွင့်ထားကြတာ။ အဲဒီမှာ တန်ဖိုးကြီးတဲ့ ကိတ်လိပ်တွေ ရောင်းတယ်။ သူက တစ်ဦးတည်းသောသား ဆိုပေမဲ့ ဘွဲ့ရပြီးတဲ့အခါမှာ အဲဒီလုပ်ငန်းကို အမွေမဆက်ခံချင်တာ

mgyoe.com

mgyoe.com
SAMPLE BOOK

ကြောင့် မိဘတွေရဲ့ ဆန္ဒကို ပြင်းဆန်နိုင်ဖို့အတွက် လုံလောက်တဲ့ ငွေကြေးပမာဏကို စုမိဆောင်းမိအောင် အခုကတည်းက နည်းမျိုးစုံနဲ့ ကြိုးစားနေတယ်ဆိုပဲ။ ကျွန်မ သူ့ကို ယုံတယ်။ တကယ်လို့သာ သူ့အနေနဲ့ သူ့ကိုယ်ပိုင်လမ်းကို မခုတ်ထွင်နိုင်ခဲ့ဘူး ဆိုရင်တော့ သူ့ဘဝတစ်လျှောက်လုံး ကိတ်မုန့်ဖုတ်ရင်းနဲ့ ကုန်ဆုံးသွားရတော့မှာ။ အဲဒီအဖြစ်က သူ့အတွက်တော့ အင်မတန်မှ ကြောက်စရာကောင်းနေတယ်။ ရေရာသေချာတဲ့ အနာဂတ်ကို ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက်အဖို့လည်း သူ့ဆီမှာ ထူးခြားဆန်းပြားတဲ့ သောကတစ်မျိုးက ရှိနေတတ်သေးတာပဲလေ။ အီဝါကုရက အဲဒီလို လူစားမျိုးပေါ့။

"ကိတ်လိပ်လား...မိုက်တာပဲဟ။ နင်က ဘာကြောင့် ကကြီးကကြောင် လုပ်နေရတာလဲ" ကျွန်မကတော့ ကိတ်လိပ်ကို စားရမှာ တစ်ခါမှ နှာခေါင်းမရှုံ့ခဲ့ဖူးဘူး။

"ဘာမှတော့ ထွေထွေထူးထူး မဟုတ်ပါဘူးဟာ။ ဒါပေမယ့် ငါ့အမေက 'ပြိုင်စံရှားရယ်'။ သူက ဆက်ဆံရေး ကောင်းတယ်။ ဖော်ရွေတယ်။ လူတွေရဲ့ အထာကို နပ်တယ်။ ပြီးတော့ အလုပ်လုပ်တာကလည်း ဇယ်ဆက်ထားသလိုပဲ။ နားတယ်ရယ်လို့ကို မရှိဘူး" အီဝါကုရက ပြောတယ်။

သူ့အမေက ကျွန်မတို့မြို့မှာ နာမည်ကြီးတာတော့ အမှန်ပဲ။ လူတွေနဲ့ ပေါင်းသင်းဆက်ဆံတဲ့ နေရာမှာ၊ အလုပ်အကိုင် စေ့စပ်သေချာတဲ့ နေရာမှာ လူတကာက သူ့ကို ချီးကျူးကြတယ်။ ဆိုင်ထဲဝင်လာတဲ့ ဈေးဝယ်တွေအပေါ်မှာ ဖော်ဖော် ရွေရွေ ဆက်ဆံတတ်လို့ပဲ သူတို့ဆိုင်က အခုလို ရောင်းကောင်းနေတာလို့လည်း လူတချို့က မှတ်ချက်ပြုကြတယ်။

"ငါ... ငါက ငါ့ကိုယ်ငါ အတော်လိမ္မာတဲ့ လူတစ်ယောက်လို့ ယူဆထားတာ" သူက ပြောတယ်။

"အင်း၊ ဟုတ်တယ်လေ"

သူနဲ့ ဘေးချင်းယှဉ်ပြီး လမ်းပေါ်မှာ အတူ လျှောက်သွားကြည့်ရုံနဲ့ သူဟာ လိမ္မာယဉ်ကျေးပြီး စိတ်သဘောထား ပြည့်ဝတဲ့လူတစ်ယောက် ဖြစ်တယ်ဆိုတာကို ချက်ချင်းဆိုသလို နားလည် သဘောပေါက်နိုင်တယ်။ ဥပမာ - ပန်းခြံထဲ ဖြတ်လျှောက် ကြတဲ့အခါမှာ လေတိုက်လို့ သစ်ပင်ပေါ်က သစ်ကိုင်း၊ သစ်ရွက်တွေ တရှဲရှဲ လှုပ်ယမ်း နေပြီး နေပြောက်တွေ ယိမ်းထိုး ကခုန်နေတယ် ဆိုပါစို့။ သူက မျက်လုံးတွေ မှေး စင်းပြီး 'လှလိုက်တာ' ဆိုတဲ့ အတွေးမျိုးနဲ့ အဲဒီမြင်ကွင်းကို စိုက်ကြည့်နေတတ်တယ်။ တကယ်လို့ ကလေးတစ်ယောက် ချော်လဲသွားတာကို လှမ်းမြင်လိုက်ရရင် သူ့ခန္ဓာ

mgyoe.com SAMPLE BOOK

ကိုယ်ကလည်း ကျောက်ရုပ်တစ်ရုပ်လို တောင့်တင်းသွားတတ်တယ်။ အဲဒီကလေးကို လူကြီးမိဘတစ်ယောက်ယောက်က ပွေ့ချီလိုက်ပြီ ဆိုရင်တော့ သူ့မျက်နှာက ပျော့ပျောင်းသွားပြီး စိတ်သက်သာရာ ရသွားသလိုပဲ။ အဲဒီလို ရိုးသားဖြူစင်တဲ့ အပြုအမူမျိုးဟာ အတိုင်းအဆမရှိတဲ့ မိဘမေတ္တာကို အပြည့်အဝ ခံစားခဲ့ရဖူးတဲ့ သားသမီးမျိုးတွေမှာမှ ရှိတတ်တဲ့ အပြုအမူဆိုတာကို ကျွန်မ သတိထားမိတယ်။

"တကယ်လို့သာ ငါ့ဘဝတစ်လျှောက်လုံး ငါ့မိသားစုနဲ့သာ အတူနေသွားမယ်ဆိုရင် ဒီထက် ပိုပိုပြီး လိမ္မာတဲ့ လူတစ်ယောက် ဖြစ်သွားလိမ့်မယ်"

"ကောင်းတာပဲရော - ဒါနဲ့ ကိတ်လိပ်က ဘာဖြစ်နေလို့လဲ"

"သူ့ကြောင့်ရယ်လို့တော့ မဟုတ်ဘူးပေါ့ဟာ။ ဒါပေမဲ့ ငါ့စိတ်ထဲမှာက အဲဒါကို စစ်မှန်တဲ့ ရိုးသားမှုလို့ ငါ မမြင်ဘူး။ တကယ်လို့သာ ဘဝက တည်ငြိမ်နေမယ်။ စားဝတ်နေရေးလည်း ပူစရာမလိုဘူး။ စိတ်အပန်းဖြေဖို့ အားလပ်ရက်လည်း လုံလုံလောက်လောက် ရနေမယ်ဆိုရင် ဘယ်သူမဆို ရိုးသားဖြူစင်နိုင်တယ်လေ။ နင်ရော အဲဒီလို မထင်ဘူးလား။ ငါ ပြောချင်တာကဟာ... ငါ့ဘဝက ဒီအတိုင်းသာ ဆက်သွားနေမယ်ဆိုရင် သူတို့ ပြဋ္ဌာန်းပေးထားတဲ့ အခြေအနေမျိုးမှာမှ ရိုးသားနိုင်သလို ဖြစ်နေတယ်။ မကျေနပ်ချက်တွေ၊ အကျည်းတန်မှုတွေဟာ ငါ့ရင်ထဲမှာ ကျိတ်ပြီး တစ်နေ့တခြား တိုးပွားလာချင်လည်း တိုးပွားလာလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ရင်လည်း လူလိမ္မာဆိုတဲ့ မျက်နှာဖုံးကိုစွပ်ပြီး သေတဲ့အထိ အဲဒီလိုကြီး နေချင်နေသွားရလိမ့်မယ်။ ငါရဲ့ ပင်ကိုစရိုက်အရ ဖြူစင်ရိုးသားတဲ့ လူတစ်ယောက် ဖြစ်နေတာကတော့ ငါ့အတွက် ကံကောင်းတာပဲ။ ဒါပေမဲ့ ဖြစ်နိုင်မယ်ဆိုရင် ဘယ်လို အခြေအနေမျိုးမှာမဆို ဖြူစင်ရိုးသားတဲ့ အဲဒီ စရိုက်လက္ခဏာကို ငါ တစ်သက်လုံး ထိန်းသိမ်းသွားချင်တယ်။ ယုတ်ညံ့တဲ့ စိတ်သဘောထားတွေ ငါ့ဆီ တွယ်ကပ်မလာအောင် ကြိုးစားသွားချင်တယ်"

"ပိုက်ဆံကို ခြစ်ကုတ်စုပြီး မိဘရဲ့လောင်းရိပ်ကနေ ထွက်သွားနိုင်အောင် နင် ကြိုးစားနေတာ အဲဒါကြောင့်လား"

"အဲဒီသဘောပဲ ဆိုပါတော့ဟာ။ ငါက သူတို့ထက် ခြေတစ်လှမ်းဦးအောင် ကြိုးစားထားတဲ့ သဘောပါပဲ။ အဲဒီလိုမှ ပြင်ဆင်မထားရင် ငါ့ဘဝက ကိတ်မုန့်ဖုတ်တာကလွဲလို့ ဘာမှနားမလည်တဲ့ လူတစ်ယောက်အဖြစ်နဲ့ အဆုံးသတ်သွားရနိုင်တယ်လေ"

ကျွန်မတို့တက်နေတဲ့ တက္ကသိုလ်က အင်မတန်မှ ဈေးကြီးတယ်။

mgyoe.com

mgyoe.com

ကျွန်မလား... ကျွန်မရဲ့ မိဘတွေက သူတို့ရဲ့ ကိုယ်ပိုင်လုပ်ငန်းအတွက် ခေါင်းမဖော်နိုင်အောင် အလုပ်များနေကြတဲ့အချိန်မှာ ကျွန်မကို ဒီတက္ကသိုလ်ရဲ့ လက်အောက်ခံဖြစ်တဲ့ မူကြိုကျောင်းကို ပို့ထားခဲ့ကြတယ်။ ဒီလိုနဲ့ တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့တယ်ပဲ ဆိုပါတော့။

ကျွန်မရဲ့ မိသားစုက ဒီနားကပ်လျက်က မြို့မှာ အတော်အသင့် နာမည်ရှိတဲ့ ယိုရှိုကု စားသောက်ဆိုင်တစ်ဆိုင် ဖွင့်ထားတယ်။ အဲဒီဆိုင်ကို ကျွန်မရဲ့ အဘိုးအဘွား တွေက စတင် တည်ထောင်ခဲ့တာပေါ့။ အဲဒီ စားသောက်ဆိုင်ရဲ့အကြောင်းကို ခရီး သွားလမ်းညွှန် စာအုပ်တွေမှာ ဖော်ပြထားကြတယ်။ တကယ်လို့သာ အိမ်အပြင်မှာ မိသားစုလိုက် ထမင်းထွက်စားချင်တဲ့အခါမျိုး၊ ဒါမှမဟုတ် တစ်ကိုယ်တော် ရုံး ဝန်ထမ်းတွေက အလုပ်ဆင်းလို့ ညစာကောင်းကောင်းစားချင်တဲ့ အခါမျိုး၊ ပြင်သစ် စားသောက်ဆိုင် တစ်ဆိုင်ကိုလည်း အလုပ်ရှုပ်ခံပြီး မရှာချင်တော့ဘူးဆိုတဲ့ အခါမျိုး မှာ သူတို့ဟာ ကျွန်မတို့ရဲ့ဆိုင်ကို ရောက်လာတတ်ကြတယ်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဲဒီဆိုင်ကို ကျွန်မ ဦးစီးရလိမ့်မယ်လို့ မျှော်လင့် ထားတယ်။ အမှန်အတိုင်း ဝန်ခံရရင် တက္ကသိုလ်ကနေ ဘွဲ့တစ်ခုရတာထက် အဲဒီ လုပ်ငန်းကို ဘယ်လို လည်ပတ်ရမလဲ ဆိုတာကို ပိုပြီး စိတ်ဝင်စားနေခဲ့တယ်။ စား သောက်ဆိုင်ရဲ့ ဟင်းလျာစာရင်းက ကျွန်မရဲ့ အဘိုးအဘွားလက်ထက်ကနဲ့စာရင် ဘာတစ်ခုမှ ပြောင်းလဲမသွားခဲ့ဘူး။ ဒါကြောင့် ကြက်ဥလိပ်ထမင်းတို့၊ သီးစုံသားပြွမ်း ထမင်းတို့၊ ဆော့စ်တို့ကို ကျွန်မ ငယ်ငယ်လေးကတည်းက လုပ်တတ်နေခဲ့ပြီ။ စား သောက်ဆိုင်တစ်ဆိုင်ကို ဦးစီးဦးဆောင်လုပ်ဖို့ ကျွန်မအတွက် လိုအပ်နေတာ ကတော့ စားဖိုမှူးလက်မှတ်ပဲ ကျန်တော့တယ်။

ကျွန်မရဲ့အစ်ကိုကြီးက အစားအစာလုပ်ငန်းကို စိတ်ဝင်စားတာ မဟုတ်ဘူး။ ဒါကြောင့် သူက အထက်တန်းကျောင်းသားဘဝကတည်းက အိမ်ကထွက်ပြေးပြီး သူ့ဘာသာသူ တသီးတသန့် နေနေခဲ့တာ။ အခုတော့ ကြော်ငြာကုမ္ပဏီတစ်ခုမှာ အလုပ်ရပြီး အဆင်ပြေနေလေရဲ့။

မိသားစုပိုင်လုပ်ငန်းကို မဆက်ခံဘဲ သီးခြားအလုပ်တစ်ခုခုကို လုပ်ဖို့ ဆုံးဖြတ်ထားတဲ့ အီဝါကုရရဲ့ ပြတ်သားရဲရင့်မှုကို ကြားသိရတော့ ကျွန်မရဲ့ အစ်ကို ကိုတောင် သတိရသွားမိတယ်။ အဲဒါကြောင့်လည်း သူနဲ့ ရင်ဘတ်ချင်း နီးစပ်တယ်လို့ ခံစားလိုက်ရတာလား မပြောတတ်တော့ဘူး။

ကျွန်မတို့ မောင်နှမနှစ်ယောက် အိမ်မှာ အတူတူ နေခဲ့ကြတုန်းကဆိုရင်

mgyoe.com

mgyoe.com SAMPLE BOOK

ကွန်မအစ်ကိုဟာ သူ ခံစားနေရတဲ့ ရင်ထဲက အကြိတ်အခဲတွေကို ညဥ့်နက်တဲ့အထိ ကွန်မကို ရင်ဖွင့်နေတတ်တယ်။

ကွန်မရဲ့အစ်ကိုက ချစ်တတ် ခင်တတ်တယ်။ စူးစမ်းလိုစိတ်လည်း အင်မတန်မှ ပြင်းပြတယ်။ သူက စိတ်လှုပ်ရှားစရာတစ်ခုခုကို အမြဲတမ်း ရှာဖွေနေတတ်တဲ့ လူမျိုး။ ထူးပေ့ဆန်းပေ့ဆိုရင် သူက ရှေ့ဆုံးကပဲ။ သူ့လိုလူမျိုးက ပုံသေအလုပ်တစ်ခုတည်းကို နိစ္စဓူဝလုပ်နေရတဲ့ အလုပ်မျိုးနဲ့ ဘယ်လိုမှ အံဝင်ခွင်ကျ ဖြစ်မနေဘူး။ တစ်နေ့လာလည်း ဒါ၊ တစ်ပတ်နေလည်း ဒါ ဆိုတာမျိုးက သူနဲ့ ဘယ်လိုမှကို မဖြစ်တာပါ။ အစ်ကို့လို စိတ်ဓာတ်မျိုးရှိတဲ့ သားတစ်ယောက်ကို စားသောက်ဆိုင်တစ်ဆိုင် ဦးစီးခိုင်းမယ်လို့ ကြံစည်နေခဲ့မယ်ဆိုရင် အဲဒီမိဘဟာ အင်မတန် မိုက်မဲပြီး အင်မတန်မှ အတ္တကြီးရာ ကျနေတော့မှာပဲ။

"စားသောက်ဆိုင်လုပ်ငန်းက ကိုကို့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေမှာပဲ။ အဲဒါကို ညီမလေး တာဝန်ယူလိုက်မယ်"

အဲဒီလို ကွန်မ အမြဲတမ်း ပြန်ပြောတတ်တယ်။

အဲဒီလို ညမျိုးတွေမှာ ကွန်မအစ်ကိုက မအီမသာ မျက်နှာထားနဲ့ သူ့ဟာသူ ပြန်ပြီး နှစ်သိမ့်နိုင်ဖို့ ကြိုးစားနေတတ်ပြန်တယ်။ *ဒါပေမဲ့ လက်တွေ့လုပ်ရတဲ့ ကိစ္စတွေမှာ ငါက နင့်ထက် ပိုတော်တယ်၊ ပိုပြီး စိတ်ရှည်တယ်လေ။ နောက်ပြီး ငါရဲ့ ခန္ဓာကိုယ်က နင့်ထက်ပိုပြီး ကြံ့ခိုင်တယ်မဟုတ်လား။ အဖေနဲ့ အမေကတော့ ငါ့ကိုပဲ အမျှော်လင့်ကြီး မျှော်လင့်ထားကြမှာ။*

တကယ်လို့သာ ကိုယ့်ရဲ့နေရာကို တခြားလူတစ်ယောက်က အစားထိုးဝင်ရောက်လာရင် စိတ်ထဲမှာ အနည်းနဲ့အများတော့ စနိုးစနောင့် ဖြစ်မိကြမှာပဲလေ။ အစ်ကိုလည်း အဲဒီလို ခံစားနေရတာပဲ ဖြစ်မယ်။

သူ အိမ်ကနေ ထွက်သွားပြီးကတည်းက သူနဲ့ ကျန်မိသားစုဝင်တွေရဲ့ ဆက်ဆံရေးက ဘာနဲ့တူလာသလဲဆိုတော့ ရံဖန်ရံခါ ရောက်လာတတ်တဲ့ ဧည့်သည်တစ်ယောက်လို ဖြစ်နေတယ်။ သူက မထင်မှတ်တဲ့အချိန်မှာ အိမ်ကို အလည်ရောက်လာပြီး ညစာအတူစားပြီးတာနဲ့ ပြန်သွားပြန်ရော။ သူ့ကိုကြည့်ရတာသူ့ရဲ့တစ်ကိုယ်ရေ တစ်ကာယဘဝကို ကျေနပ်ပျော်ရွှင်နေသလိုပဲ။ ဒါကြောင့် ကိုယ့်အိုးကိုယ့်အိမ်နဲ့ အတည်တကျနေဖို့လည်း စိတ်ကူးရှိသေးပုံမရဘူး။ ပြီးတော့ မိဘအိမ်ကို ပြန်လာပြီး စားသောက်ဆိုင်ကို ဦးစီးဦးရွက်လုပ်ဖို့ဆိုတဲ့ ဖြစ်နိုင်ခြေကလည်း အချိန်ကြာလာတာနဲ့ အမျှ လုံးဝ မျှော်လင့်လို့မရတော့တဲ့ အရှိတရားတစ်ခု ဖြစ်လာတယ်။

mgyoe.com

mgyoe.com

အဖေအမေတို့ကလည်း ဖြစ်နိုင်ခြေအမျိုးမျိုးကို အပြန်အလှန် သုံးသပ်ဆင်ခြင်ထားပုံရတယ်။ မိသားစုလုပ်ငန်းကို ကွန်မက ဆက်ခံမယ်ဆိုတဲ့ အကြောင်းကို ကြားသိရတော့ သူတို့ရဲ့စိတ်ထဲမှာ ကွန်မဟာ ဝတ္တရားအရ ဒီလိုစကားမျိုး ပြောလာတယ်လို့ သူတို့က ထင်နေခဲ့သေးတာ။ သူတို့က အစ်ကိုကြီးလို အဖြစ်မျိုး နောက်တစ်ခါ ထပ်ပြီး မကြုံချင်ကြတော့ဘူးလေ။ အဲဒီလို အမှားမျိုး နောက်တစ်ကြိမ်ထပ်ပြီး မမှားချင်ကြတော့ဘူး။ ဒါနဲ့ ကွန်မကို ကိုယ်ပိုင်အစွမ်းအစနဲ့ လူ့လောကရဲ့ အတွေ့အကြုံလေး ဘာလေးရအောင် အရင်ဦးဆုံး ကြိုးစားကြည့်သင့်တယ်လို့ သူတို့က အကြံပြုကြတယ်။ အစ်ကိုဟာ မိသားစုလုပ်ငန်းကို မလွဲမသွေ ဆက်ခံဆောင်ရွက်သွားလိမ့်မယ်လို့ သူတို့က အပိုင်တွက်ထားခဲ့ကြပုံရတယ်။ တကယ့်လက်တွေ့မှာ သူတို့ယုံကြည် မျှော်လင့်ထားသလို ဖြစ်မလာခဲ့တော့ အဲဒီအမှန်တရားက သူတို့ကို အကြီးအကျယ် ထိုးနှက်သွားခဲ့တယ်။

ဒါကြောင့် ကွန်မကို အေးအေးဆေးဆေး စဉ်းစား ဆုံးဖြတ်လို့ရအောင်နဲ့ ကွန်မရဲ့ ဆုံးဖြတ်ချက်ကို ပြင်ဆင်ချင်ရင် ပြင်ဆင်လို့ရအောင် အချိန်တစ်ခု ပေးတဲ့အနေနဲ့ သူတို့က ကွန်မကို တက္ကသိုလ်ပို့လိုက်ကြတယ်။

ဘယ်လို အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် အဲဒီကိစ္စနဲ့ ပတ်သက်တဲ့ ကွန်မရဲ့ ခံစားချက်က အမြဲတမ်း တသမတ်တည်း ရှိနေဆဲပါ။ ဒါကြောင့် တက္ကသိုလ်တက်ပြီး ပညာသင်ကြားရတယ် ဆိုတာကလည်း ကွန်မအတွက်တော့ ဘဝအတွေ့အကြုံအသစ်တွေ စုဆောင်းနေရတဲ့ သဘောသက်သက်ပါပဲ။

ကွန်မအတွက်ကတော့ တကုပ်ကုပ်နဲ့ အလုပ်ရှုပ်နေကြတဲ့ မိဘတွေကို ကူညီဆောင်ရွက်ပေးရတာဟာ လောကဓမ္မတာပဲလို့ ယူဆတယ်။ အခုဆို အဘွားက မရှိတော့ဘူး။ အဘိုးကလည်း တစ်ခါတလေမှ ဆိုင်ထဲ ရောက်လာတတ်ပြီး သူ့ရဲ့ မိတ်ဟောင်းဆွေဟောင်းတွေနဲ့တွေ့ရင် ဝင်ပြီး ဧည့်ခံတတ်တယ်။ အဘိုးအဘွားတွေရဲ့ အရိုက်အရာကို အဖေအမေတို့က ဆက်ခံခဲ့တာဆိုတော့ ကွန်မရဲ့မိဘတွေ အသက်အရွယ် အိုမင်းလာတဲ့အခါမှာ သူတို့ရဲ့နေရာကို ကွန်မက ဆက်ခံရမှာ လောကနိယာမတရားပဲ မဟုတ်လား။ အဲဒီ ကိစ္စသာလျှင် ကွန်မဘဝအတွက် အရေးအကြီးဆုံး တစ်ခုတည်းသော ကိစ္စပဲလေ။ ဒီနိယာမတရားကို ကွန်မ အစ်ကိုက ဘာဖြစ်လို့ ကလန်ကဆန် လုပ်ခဲ့ရတာလဲ။ ဘာဖြစ်လို့ အိမ်ကနေ ထွက်ပြေးခဲ့ရတာလဲ ဆိုတာကို ကွန်မ နားမလည်နိုင်ခဲ့ဘူး။

ကွန်မဟာ ဟိုးငယ်ငယ်ကတည်းက သမားရိုးကျသမားတစ်ယောက်လို့

mgyoe.com

mgyoe.com SAMPLE BOOK

ပြောလို့ရတယ်။ အဲဒီထက်တောင် နည်းနည်းပိုနေမလား မပြောတတ်ဘူး။ အလုပ်တစ်ခုကို စလုပ်ပြီဆိုတာနဲ့ အဲဒီအလုပ်ကို စွဲစွဲမြဲမြဲ လုပ်နေတတ်တယ်။ ကျွန်မဟာ စုတ်တံနဲ့ လက်ရေးလှလေ့ကျင့်တာကို ကလေးကတည်းက လေ့ကျင့်လာခဲ့တာ ဒီနေ့ဒီအရွယ်ထိ လေ့ကျင့်နေတုန်းပဲ။ ကိန်းဂဏန်းတွေကို အပေါင်းအနုတ် လုပ်တဲ့အခါမှာ စိတ်တွက်နဲ့ မြန်မြန်တွက်တတ်နေပြီမို့ ပေသီးခေါက်ပြီး တွက်ချက်တဲ့နည်းကို အသုံးမပြုတော့တာ ဘာမှ ကြာသေးတာ မဟုတ်ဘူး။ နောက်ပြီး ဝါသနာအရ အိုးထိန်းသည် လုပ်နေတာလည်း ဆယ်စုနှစ်တစ်ခု မကတော့ဘူး။ ကလေးဘဝက သူငယ်ချင်းသုံးယောက်နဲ့အတူ အီဝါတေမှာရှိတဲ့ ရေပူစမ်းတစ်ခုကို တစ်နှစ်တစ်ကြိမ် အလည်သွားနေခဲ့တာ အခုဆိုရင် ရှစ်နှစ်တောင် ရှိခဲ့ပြီ။

အဲဒီအကြောင်းအချက်တွေကြောင့်လည်း အီဝါကုရဟာ သူ့ရဲ့ မိသားစုပိုင် ကိတ်မုန့်လုပ်ငန်းကို ကျောခိုင်းဖို့ ဘာဖြစ်လို့ ဒီလောက် ပြတ်သားလွန်းနေတာလဲ ဆိုတာကို ကျွန်မ နားမလည်ဘူး။ သူတို့ရဲ့ ကိတ်လိပ်တွေက တော်တော်ကို အရသာရှိတာပါ။ သူတို့ရဲ့ ကိတ်မုန့်ဆိုင်က လူကြိုက်များပြီး အင်မတန်မှ အလားအလာရှိနေတာကိုပဲ သူက ဘာဖြစ်လို့ ငြင်းဆန်ချင်နေရတာလဲ။ တကယ်လို့သာ သူ့မှာ တခြား အစီအစဉ်တွေ ရှိနေတယ် ဆိုရင်တော့လည်း နားလည်ပေးလို့ ရပါသေးရဲ့။ ဒါပေမဲ့ အဲဒီလို အစီအစဉ်မျိုးလည်း သူ့မှာ ရှိမနေပြန်ဘူး။ သူ ဘာလုပ်ချင်နေမှန်းကို ကျွန်မ နားမလည်နိုင်တော့ဘူး။

သူက သူ ကြုံတွေ့နေရတဲ့ အခြေအနေတွေကို စေ့စေ့စုံစုံ ပြောပြတတ်တဲ့ လူစားမျိုးမဟုတ်ဘူး။ သူ့ရဲ့အတွေး၊ သူ့ရဲ့ခံစားချက်တွေကို ဘယ်တုန်း ဘယ်အခါကမှ အတိအကျ ဖွင့်ဟပြီး မပြောဖူးလေတော့ သူ့ပုံစံက လက်တွေ့ဘဝကို ရှောင်ဖယ်ပြီး လေထဲမှာ တိုက်အိမ်ဆောက်ချင်တဲ့ စိတ်ကူးယဉ်သမားတစ်ယောက်လို ဖြစ်နေတယ်။

ဒါပေမဲ့ ကျွန်မတို့နှစ်ယောက်က ဘဝတူတွေလေ။ ကျွန်မတို့ရဲ့ မိသားစုနှစ်စုစလုံးက ကိုယ့်ဖောက်သည်တွေကို မျိုးဆက်ပေါင်းများစွာ အလုပ်အကျွေး ပြုခဲ့ကြတာချည်းပဲ။ ဒီတော့ ကျွန်မတို့မှာ တူတဲ့အချက်တွေ များများစားစားရှိပြီး တစ်ယောက်ကို တစ်ယောက်လည်း နားလည်ပေးနိုင်ကြတယ်။

ကျွန်မတို့ရဲ့အပေါ်မှာ ဝန်ထုပ်ဝန်ပိုးလို ဖိစီးနေတာမျိုး မဟုတ်ပေမဲ့ မွေးရာပါ တာဝန်တစ်ရပ်အနေနဲ့ ကိုယ့်ဝတ္တရားကိုယ် နားလည် သဘောပေါက်ထားကြတာတော့ အမှန်ပဲ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

တွေ့ဆုံဖို့ ချိန်းဆိုထားတဲ့ ရက်မှာ ကျွန်မဟာ ဟော့ပေါ့ချက်ဖို့အတွက် လိုအပ်မယ့် ဟင်းလျာ အဆာပလာတွေကို ဝယ်ခြမ်းပြီး အီဝါကုရရဲ့ တိုက်ခန်းကို ပထမဆုံးအကြိမ်အဖြစ်နဲ့ ရောက်ရှိသွားတယ်။

သူ အခုနေနေတဲ့ တိုက်ကြီးကို မကြာခင်မှာ ဖြိုချပစ်တော့မှာ။ အဲဒီတိုက်ရဲ့ မြေနေရာကို သူ့ဦးလေးက ပိုင်တာလို့ သူ ကျွန်မကို ပြောပြခဲ့ဖူးတယ်။ သူ့ဦးလေးက သူ့ကို တိုက်မဖြိုခင်စပ်ကြား တစ်လ ယန်း ၅၀၀၀ နဲ့ ငှားရမ်းပေးထားတာ။ အဲဒီ အချက်တွေကို ကျွန်မ ကြိုသိထားတယ် ဆိုပေမဲ့လည်း အဲဒီတိုက်ကြီးကို ကိုယ့်မျက်လုံးနဲ့ တပ်တပ်အပ်အပ် မြင်တွေ့လိုက်ရတော့ စိတ်အပျက်ကြီး ပျက်သွားခဲ့တယ်။

သစ်သားအိမ်အိုကြီးက ခနော်နီ ခနော်နဲ့နဲ့ရယ်။ ပြတင်းပေါက်တွေက လည်း ကျိုးပဲ့လို့။ အပြင်ဘက် ထုတ်ထားတဲ့ လှေကားအုံကလည်း ထိလိုက်ရင်ပဲ ပြိုကျသွားတော့မယ့်အလား။ ကြမ်းပြင်ကလည်း သတိလွတ်တာနဲ့ ကျွံကျသွားနိုင်တယ်။

*ဘယ်လို အိမ်ကြီးတုံးဟ။ အတော် ကြောက်စရာကောင်းတာပဲ။ သူမို့လို့ ဒီလိုအိမ်မျိုးမှာ တစ်ယောက်တည်း နေရဲတယ်။ ငါသာ ဆိုရင်တော့လား...*

အိမ်ကြီးကို မြင်ရတဲ့အခါမှာ မှင်တက်ပြီး စိတ်ထဲက အဲဒီလို တွေးနေမိတယ်။

အိမ်ကြီးရဲ့ အခြေအနေက တကယ့်ကို ဖရိုဖရဲနိုင်လွန်းလှတာမို့ ဒီအိမ်မှာ တခြားလူ ဘယ်သူမှ ငှားမနေကြဘူး ဆိုတဲ့အချက်ကို အခုမှ ကျွန်မ ကောင်းကောင်းကြီး သဘောပေါက်သွားတယ်။

တမူထူးခြားတဲ့ ထွင်းဖောက်မြင်နိုင်တဲ့ အရိပ်မည်းတစ်ခု၊ အထီးကျန်တဲ့ အရိပ်အငွေ့နဲ့ လေးပင်ထိုင်းမှိုင်းမှုတွေဟာ အီဝါကုရရဲ့ ကိုယ်ပေါ်မှာ ဘာကြောင့် ကပ်ပါနေရသလဲ ဆိုတဲ့အချက်ကို ကျွန်မ နားလည်လာတယ်။

ကျွန်မရဲ့ မာဖလာကို ခပ်တင်းတင်း ပတ်လိုက်ပြီး တိမ်ထူနေတဲ့ မိုးကောင်းကင်ကြီးကို မော့ကြည့်နေမိတယ်။ ရေခဲတမျှ အေးခဲနေတဲ့ ဆောင်းလေကို အားရပါးရ ရှူသွင်းပစ်လိုက်တယ်။ ဒီအိမ်ကြီးထဲ ဝင်သွားပြီးရင် ဘယ်တော့မှ ပြန်ထွက်လာနိုင်တော့မှာ မဟုတ်ဘူးလို့လည်း ဘာကြောင့်မှန်းမသိ တွေးနေမိပြန်ရော။

ဒုတိယထပ်က ထောင့်ခန်းတစ်ခန်းကို ရောက်တော့ အီဝါကုရက ဆွဲတံခါးအဟောင်းကြီးကို ဖွင့်ပြီး ကျွန်မကို အထဲဝင်ဖို့ ဖိတ်ခေါ်လိုက်တယ်။

"တကယ့်အိမ်ကြီးပဲဟ"

"ငါ မပြောဘူးလား။ ဒါပေမဲ့ ဒီအခန်းက အိပ်ရှင်နေခဲ့တဲ့ အခန်းဆိုတော့ အတော်လေး ကျယ်တယ်"

mgyoe.com

mgyoe.com SAMPLE BOOK

သူ ပြုံးနေတယ်။

တကယ်ပါပဲ။ တံခါးကို ဆွဲဖွင့်လိုက်တာနဲ့ ကျွန်မရဲ့ အတွေးအမြင်တွေက တစ်မျိုးတစ်မည် ပြောင်းလဲသွားတယ်။ ဒီတိုက်ခန်းထဲမှာ အိပ်ခန်းနှစ်ခန်း၊ မီးဖိုခန်း တစ်ခန်းနဲ့ ဧည့်ခန်းတစ်ခန်းအပြင် အနောက်ဘက်မှာ ထာထာမိမြက်ဖျာ ဆယ်ချပ်စာ ကျယ်ဝန်းတဲ့ ဂျပန်ရိုးရာ အခန်းတစ်ခန်းလည်း ရှိနေသေးတယ်။ မျက်နှာကြက်ကလည်း အမြင့်ကြီးဆိုတော့ လေဝင်လေထွက် ကောင်းတယ်။ ရေချိုးခန်းနဲ့ အိမ်သာကိုလည်း သီးသန့် ခွဲထားသေးတယ်။ ပြီးတော့ အိမ်နောက်ဘက် ပြတင်းပေါက်တွေကနေ အပြင်ဘက်ကို လှမ်းကြည့်လိုက်ရင် ပန်းခြံကိုလည်း မြင်နိုင်သေးတယ်။ ပန်းခြံထဲမှာ ညနေခင်းအစီအစဉ်တွေ စနေပြီမို့ အသံချဲ့စက်က ထွက်ပေါ်လာတဲ့ တေးသံသာ ကိုလည်း ကြားနေရပြန်တယ်။

တခြား အခန်းတွေရဲ့ အမှောင်ထုနဲ့ အကျည်းတန်မှုတွေကို မေ့ပျောက်ထား လိုက်ရင်တော့ ဒီနေရာကလေးက တကယ့် နေပျော်တဲ့ နတ်ဘုံနတ်နန်းပဲ။

"ဒယ်အိုးရှိတယ် မဟုတ်လား" ကျွန်မ မေးလိုက်တယ်။

"အင်း၊ ရှိတယ်။ နောက်ပြီး ပျော်ပွဲစား မီးဖိုလည်း ရှိတယ်"

"ရိုးရိုးဟော့ပေါ့ပဲ လုပ်တော့မယ်ဟာ။ ကြက်သားလုံးရယ်၊ မုန်ညင်းဖြူရယ်၊ ကြာဆံရယ်ပါမယ်။ နောက်ဆုံးကျမှ ဝူးတုံးခေါက်ဆွဲလာမယ်၊ ဘယ်လိုလဲ"

"ကောင်းတာပေါ့" အီဝါကုရက ရယ်မောနေတယ်။

"တကယ်တော့ ငါက အနောက်တိုင်း အစားအစာတွေကို ပိုပြီး ကျွမ်းကျင် တာဟ။ မျက်စိမှိတ်ပြီးတော့တောင် ချက်နိုင်သေးတယ်"

"အေးပေါ့။ အခု ပြန်စဉ်းစားကြည့်တော့ နင့်ကို အနောက်တိုင်း အစား အစာ ချက်ခိုင်းတာမှ ပိုကောင်းလိမ့်ဦးမယ်လို့ တွေးမိပြန်တယ်။ ဒါပေမဲ့ ငါက ဟော့ပေါ့ကို ပိုပြီး အာသီသဖြစ်နေတာ"

"ငါ့အိမ်မှာ ရောင်းနေတဲ့ဟာတွေကို လုပ်ရမှာ ဖီးမလာပါဘူးဟာ"

မီးဖိုချောင်ထဲမှာ ကျွန်မက ဟော့ပေါ့ကို စိတ်ပါလက်ပါ ပြင်ဆင် ချက်ပြုတ် နေချိန်မှာ အီဝါကုရက သီချင်းဖွင့်ပြီး စာအုပ်တစ်အုပ် ဖတ်နေတယ်။ အိမ်အပြင်မှာ တော့ မိုးကောင်းကင်က မည်းမှောင်သထက် မည်းမှောင်လာနေပြီ။ အခန်းထဲမှာလည်း အငွေ့တထောင်းထောင်းနဲ့။ အခန်းထဲက အငွေ့တွေကို အပြင်ထွက်သွားအောင် ပြတင်းပေါက်ကို ဖွင့်လိုက်တဲ့ အခါတိုင်းမှာ အေးမြတဲ့ လေတွေဟာ အခန်းထဲကို အတင်းကာရော တိုးဝင်လာကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မတို့ တီဗီကြည့်ရင်း ဟော့ပေါ့ကို တဝတပြ စားခဲ့ကြတယ်။

အချိန်တွေက တဖြည်းဖြည်း ကုန်လွန်သွားကြပေမဲ့ ကျွန်မတို့ရဲ့ စကားစမြည်ထဲမှာ အချစ်နဲ့ ပတ်သက်တာ ဘာတစ်ခုမှ မပါခဲ့ဘူး။

လုပ်ငန်းရဲ့ သဘောသဘာဝကြောင့် ထင်တယ် (ဒါပေမယ့် စားဖိုမှူးတစ်ယောက်တော့ တရားဝင် မဖြစ်သေးဘူးပေါ့လေ) ထမင်းဟင်း ချက်ပြုတ်နေတုန်းမှာပဲ ဆေးစရာ ကြောစရာတွေကို အားလုံးနီးပါး ဆေးကြောထားပြီးခဲ့ပြီ။ ဒါကြောင့်လည်း ညစာစားပြီးတဲ့အခါမှာ သိမ်းဆည်း ရှင်းလင်းတဲ့အလုပ်က အင်မတန်မှ ပေ့ါပါးနေတယ်။ နောက်ပြီး အီဝါကုရကလည်း အဲဒီအလုပ်တွေကို သူချည်းနီးပါး လုပ်သွားခဲ့တာ။ သန့်ရှင်းရေးတွေ လုပ်ပြီးသွားတော့ သူ ဖျော်ထားတဲ့ ကော်ဖီကို ကျွန်မတို့ သောက်ဖြစ်ကြတယ်။ သူ့ရဲ့ မိဘအိမ်က ပို့လာပေးတဲ့ ကိတ်လိပ်ကို စားကြတယ်။ အပူပေးစားပွဲအောက် ခြေနှစ်ဖက်ကို ထိုးသွင်းပြီး ကျွန်မခေါင်းထဲ အတွေးတစ်ခု ဝင်လာတယ်။

"ဒီအခန်းက တစ်မျိုးကြီးပဲနော်။ စိတ်ထဲမှာ ငြိမ်းငြိမ်းချမ်းချမ်းတော့ရှိပါရဲ့။ ဒါပေမဲ့ တံခါးပေါက်ကနေ ဖြတ်ဝင်လာတော့ အချိန်တွေအားလုံး ရပ်တန့်သွားတယ်လို့ ခံစားနေရတယ်။ တခြားနေရာတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် ဒီနေရာက အတော်လေး တိတ်ဆိတ်နေသလိုပဲ။ ပြီးတော့ ငါ့စိတ်ကလည်း ဒီနေရာမှာ ငြိမ်းချမ်းနေတယ်လို့ ခံစားနေရတယ်။ ဒီနေရာမျိုးမှာ နင် နေခွင့်ရတာကို အရမ်း အားကျတာပဲ။ နောက်ပြီး အပြင်ကို အလုပ်ထွက်လုပ်ဖို့ ခွန်အားတွေ ရှိနေသေးတာကလည်း အံ့ဩစရာ။ ငါသာဆိုရင်တော့ ဒီအခန်းထဲမှာပဲ တစ်ချိန်လုံး နှပ်နေတော့မှာ"

အီဝါကုရက ခေါင်းညိတ်တယ်။

"ဟုတ်တယ်ဟ။ ဒီအခန်းထဲမှာဆိုရင် ငါ့စိတ်တွေက အတော်ကို အေးဆေးတည်ငြိမ်နေတာ။ အချိန်တွေ ရပ်တန့်သွားသလိုပဲ။ အဲဒီထက် ထူးခြားတာက တခြားလူတွေလည်း ဒီမှာ နေနေကြတယ်လို့ ငါ ခံစားနေရတာပဲ"

"ဒီအထပ်မှာလား"

ကျွန်မ ထိတ်ထိတ်ပျာပျာနဲ့ မေးလိုက်မိတယ်။ အိမ်မဲ့ရာမဲ့တွေ၊ ကလေကချေတွေများ ဒီအထပ်မှာ လာနေတတ်ကြသလားလို့ ကျွန်မစိတ်ထဲ ထင့်သွားခဲ့မိတယ်။

"မဟုတ်ဘူး။ အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ ငါ ဆိုလိုတာက အိမ်ရှင်လင်မယားလေ"

"အိမ်ရှင်တွေက ရှိကြသေးတာလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဘယ်လို ပြောရမလဲ။ ပြောရမှာတော့ တစ်မျိုးကြီးပဲ။ သူတို့က သေသွားကြပြီ။ ဒါပေမယ့် သူတို့ကိုယ်တိုင်က အဲဒါကို သတိထားမိကြသေးပုံ မရဘူး"

"အမ်..."

"သူတို့ နှစ်ယောက်က မီးလင်းဖိုဘေးနားမှာ အိပ်ပျော်သွားခဲ့ကြတာ။ ပြီးတော့ ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်ပြီး သေကုန်ကြတယ်။ အိမ်ရှင် လင်မယား နှစ်ယောက်လေ။ အသက်တွေတော့ အတော်လေး ကြီးကုန်ကြပါပြီ"

"ဒီအခန်းထဲမှာလား"

"ဟုတ်တယ်"

"နင် ငါ့ကို ဖြဲခြောက်နေတာလား။ ငါ့ကို ကြောက်အောင်လုပ်ပြီး ယီးတီး ယားတား လုပ်မယ်တော့ မကြံနဲ့နော်"

"အဲဒီလို လုပ်ခွင့်ရရင်လည်း အကောင်းသား" သူ ပြုံးနေတယ်။ "ငါ တကယ် ပြောနေတာဟ။ တစ်ခါတလေကျရင် ဒီအခန်းထဲမှာ သူ့တို့နှစ်ယောက်ကို ငါ မြင်နေရတယ်"

ကျွန်မ ဆွံ့အသွားတယ်။

"အီဝါကုရ၊ အဲဒီလိုဟာမျိုးက အလုံးအကောင် မြင်ရနိုင်လို့လား" ကျွန်မ မေးလိုက်တယ်။

"ဟင့်အင်း၊ မမြင်ရဘူး။ သချိုင်းထဲမှာ တစ်ယောက်တည်း လျှောက်သွားနေတာတောင် အဲဒီလို အခြေအနေမျိုးနဲ့ ကြုံရမှာ မဟုတ်ဘူး"

"ဒါဖြင့် နင်က ဘာဖြစ်လို့ မြင်ဖူးတယ်လို့ ပြောရတာလဲ"

"အိမ်ထဲမှာနေရင်း စိတ်လက်ပေါ့ပါးနေတော့ ယောင်ယောင်နနနဲ့ မြင်မိမြင်ရာ လျှောက်မြင်နေတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့ဟာ။ ဒါမှမဟုတ်ရင်လည်း အလုပ်လုပ်ရတာ ပင်ပန်းလွန်းလို့ ဖြစ်ချင်ဖြစ်မှာပေါ့။ ဘာပဲဖြစ်ဖြစ် အိပ်ပျော်ခါနီး အိပ်မှုန်စုံမွှား ဖြစ်နေတဲ့ အချိန်မျိုး၊ ကိုယ့်ခြေထောက်ကိုတောင် ပြန်မသယ်ချင်လောက်အောင် ပင်ပန်းနွမ်းနယ်နေပြီး အိမ်ရောက်လို့ အမောပြေ ရေနွေးကြမ်းသောက်နေတဲ့ အချိန်မျိုးမှာ အလင်းလောကနဲ့ အမှောင်လောကက ချိတ်ဆက်မိသွားပုံရတယ်။ အဲဒီအချိန် ဒီအိမ်ထဲမှာ ဟိုးရှေးရှေးကလို အိမ်ရှင်လင်မယားနှစ်ယောက် နေနေကြတဲ့ ပုံရိပ်တွေကို ငါ တွေ့မြင်နေရတယ်"

"အိမ်သန့်မင်္ဂလာလေး ဘာလေး မလုပ်ဘူးလား။ တစ်ခုခုပေါ့"

"ဒါပေမဲ့ ဒီအိမ်ကြီးက မကြာခင်မှာပဲ ဖျက်ချပစ်တော့မှာလေ။ ဒါကြောင့်

mgyoe.com

ငါ စဉ်းစားကြည့်တယ်။ မဖျက်ခင်တော့ ဒီအတိုင်းပဲ ရှိပါစေတော့လို့။ နောက်ပြီး သူတို့ရဲ့ဘဝကို ကြည့်ရတာ အင်မတန်မှ ငြိမ်းချမ်းသာယာနေကြသလိုပဲ"

အီဝါကုရရဲ့ စိတ်နှလုံးက အဲဒီလောက်ကို နူးညံ့ပျော့ပျောင်းတာပါ။ သရဲတွေ အပေါ်မှာတောင် သူက ငဲ့ညှာသနားတတ်တယ်။

"..."

ကွန်မကတော့ မယုံတစ်ဝက် ယုံတစ်ဝက်ရယ်။ စိတ်ထဲမှာတော့ တွေးနေမိတယ်။

*သူ့ရဲ့ အနာဂတ်အတွက် ဦးနှောက်ခြောက်နေတာကတစ်ဖက်၊ အလုပ်လုပ်နေရလို့ ပင်ပန်းနေတာက တစ်ဖက်နဲ့မို့ သူ့ဦးနှောက်က နည်းနည်း အဆန်ချောင်ချင်နေတာလား မသိဘူး။ ရှေ့လျှောက် သူ့ရဲ့ အပြောအဆို၊ အပြုအမူတွေကို ကောင်းကောင်း သတိထားကြည့်မှ ဖြစ်မယ်။*

ကွန်မတို့နှစ်ယောက်က အပူပေးစားပွဲအောက်မှာ ခြေထောက်တွေသွင်းပြီး မျက်နှာချင်းဆိုင် ထိုင်နေကြရင်း ကိတ်လိပ်ကို အရသာခံနေကြတယ်။ သရဲတွေရဲ့ အကြောင်းကို မြိန်ရေရှက်ရေ ပြောနေကြတယ်။ တကယ့်ကို လင်အိုမယားအိုတွေ ကျနေတာပဲ။ အဲဒီ မြင်ကွင်း၊ အဲဒီ အခြေအနေကမှ တကယ့်ကို ထူးဆန်းနေတာပါ။

အိမ်ပြန်တဲ့အချိန်မှာ သူက ပစ္စည်းတချို့ သွားဝယ်စရာရှိလို့ဆိုပြီး လျှပ်စစ်စက်ဘီးကို တွန်းလျက်နဲ့ ကွန်မကို အိမ်ပေါက်ဝအရောက် ပြန်လိုက်ပို့ပေးတယ်။

"နင် ဘာဖြစ်လို့ တစ်ယောက်တည်း နေနေတာလဲ။ နင့်မိဘအိမ်က ဒီကနေ တစ်မှတ်တိုင်လောက်ပဲ ဝေးတာမဟုတ်လား" သူက ပြောတယ်။

ခေါင်းပေါ်မှာ ကြယ်ပေါင်းစုံက ပြိုးပြိုးပြက်ပြက်နဲ့ တောက်ပနေကြတယ်။ ဖန်မီးအိမ်ကြီးလို ဝင်းလက်နေတဲ့ လမင်းကွေးကွေးကလည်း ကောင်းကင်ပေါ်မှာ တွဲလဲခိုလို့။ သူ့ရဲ့ ဖြူဝင်းနေတဲ့ အစိတ်အပိုင်းက ကတ်ကြေးနဲ့ အဖြတ်ခံထားရသလို တိတိရိရိနဲ့။

"ငါ့အမေက အပျင်းပြေဆိုပြီး ဟင်းချက်သင်တန်း ဖွင့်ထားတယ်လေ။ သင်တန်းဖွင့်ပြီးကတည်းက အိမ်ထဲကို ဝင်ထွက်နေတဲ့လူတွေက တစ်နေ့တခြား များလာတော့တာပဲ။ ပြီးတော့ ငါ့ရဲ့ အခန်းကိုလည်း မောင်ပိုင်စီးထားကြသေးတယ်။ ဒါပေမဲ့ ဒီနေရာက အိပ်ဖို့နေရာ သက်သက်ပါပဲဟာ။ ကျန်တဲ့ အချိန်တွေမှာတော့ ငါ့အိမ်ကိုပဲ ငါ ပြန်နေဖြစ်တာများပါတယ်။ အဲဒီမှာ ညစာစားပြီးမှ ဒီကို ပြန်လာအိပ်တယ်။ စားသောက်ဆိုင်မှာလည်း လုပ်စရာရှိတာ ကူလုပ်ပေးနေတုန်းပဲလေ"

mgyue.com

mgyoe.com SAMPLE BOOK

"ကောင်းတာပေ့ါ။ နင့်ဘဝက ပုံမှန်စည်းချက်တွေမှာ စီးမျောနေနိုင်တုန်းပဲ။ ငါကတော့ မျောက်သစ်ကိုင်းလွတ် ဖြစ်နေပြီ"

"ဒါပေမယ့် သူတို့နဲ့ ခပ်ခွာခွာ နေနိုင်အောင်တော့ ကြိုးစားနေတယ်။ သူတို့နဲ့ နီးနီးကပ်ကပ်နေလွန်းအားကြီးသွားရင် ငါ့အတွက်ငါတောင် အချိန်ပေးနိုင်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် ငါ့ဟာငါ တစ်ယောက်တည်း ထွက်နေနေတာပေ့ါ။ ငါ့ဟာငါ တစ်ယောက်တည်း ထွက်လည်တယ်။ ငါ့ဟာငါ တစ်ယောက်တည်း လုပ်စရာ ရှိတာလုပ်တယ်"

"ငါလည်း အဲဒီလို ယူဆတာပဲ။ ငါလည်း သူတို့နဲ့ နီးနီးကပ်ကပ် နေခဲ့လွန်းလို့ စိတ်ပင်ပန်းခဲ့တာဖြစ်မယ်။ အဖေ အမေတို့ ခရီးထွက်ကြတဲ့အခါမှာ၊ ဈေးဝယ်ထွက်ကြတဲ့အခါမှာ ငါက ကားမောင်းပေးရတယ်။ ဆွေမျိုးတွေ အိမ်ပြောင်းရင်လည်း ငါ ကူညီပေးတာပဲ။ ... ... အဲဒီလို အခြေအနေက ငါ့ဘဝရဲ့ ပုံသေလမ်းကြောင်းတစ်ခုလို အလိုအလျောက် ဖြစ်သွားတော့တာပဲပေ့ါ။ အဲဒါတွေ လုပ်နေကိုင်နေရတာကို စိတ်ပျက်နေတာ မဟုတ်ဘူး။ ကိတ်မုန့်ဖုတ်သမား ဘဝကိုလည်း မလိုချင်လို့ မဟုတ်ပါဘူး"

"အချိန်တွေ အများကြီး ရပါသေးတယ်ဟာ။ ပိုက်ဆံတွေစုပြီးရင် လုပ်ငန်းကိုင်ငန်းတစ်ခု ရှာပေ့ါဟ။ ဒါမှမဟုတ် နိုင်ငံခြားမှာ ပညာသွားသင်ပေ့ါ။ သားအလိမ္မာလေးတစ်ယောက်အဖြစ်နဲ့ နေနေရတာတော့ နင်လည်း စိတ်ကျဉ်းကျပ်မှာပဲ။ ကြာလာရင် အမြင်ကျဉ်းတဲ့ လူတစ်ယောက်လည်း ဖြစ်ချင်ဖြစ်သွားနိုင်တယ်"

"အဲဒါပေ့ါ။ ငါ့မိဘတွေကတော့ ငါ့ကို ကလေးလေးတစ်ယောက်လို့ အခုထိ မြင်နေကြတုန်းပဲ။ ဒါပေမဲ့ ငါ့မှာလည်း ငါ့ဘဝနဲ့ငါ၊ ငါ့နှာခေါင်းပေါက်နဲ့ငါ အသက်ရှင်ရဦးမယ်လေ"

"ငါ့ကို အိမ်အထိ လိုက်ပို့တဲ့အတွက် ကျေးဇူးပါဟာ"

"ညစာအတွက်လည်း ကျေးဇူးတင်ပါတယ်။ ကုန်ကျစရိတ်ကို ပြန်မပေးလိုက်ရလို့ စိတ်တောင် မကောင်းဘူး"

"စိတ်ထဲ မထားစမ်းပါနဲ့။ ကိတ်လိပ်က အတော်ကို အရသာရှိတယ်"

အီဝါကူရက လက်ပြပြီး လှေ့ပ်စစ်စက်ဘီးကို စီးထွက်သွားတယ်။ စက်ဘီးက ဟောင်းနေပြီ ဆိုပေမယ့် ကြည့်ရတာ ဈေးကြီးမယ့်ပုံ။ ပြီးတော့ ထိန်းသိမ်းပြုပြင်ထားတာ အသစ်အတိုင်းပဲ။ အဲဒါကို ကြည့်ခြင်းအားဖြင့် အဲဒီပစ္စည်းအပေါ် သူဘယ်လောက် တန်ဖိုးထားသလဲဆိုတာ သိသာနေတယ်။

မိသားစုရဲ့ အခြေအနေအရ မကြောင့်မကြ နေနိုင်ပါလျက်နဲ့ မိသားစုကို

mgyoe.com

mgyue.com SAMPLE BOOK

စွန့်ခွာပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားနေရတယ် ဆိုတာ ဘယ်လောက်ခက်ခဲပင်ပန်းတဲ့ အလုပ်လည်း ဆိုတာကို မှန်းဆကြည့်လို့ ရနိုင်ပါတယ်။ ဒါကြောင့်လည်း အဲဒီဝန်ထုပ်ဝန်ပိုးကြီးက သူ့အပေါ် ရုပ်ပိုင်းဆိုင်ရာ အရရော၊ စိတ်ပိုင်းဆိုင်ရာအရပါ ဖိစီးနှိပ်စက်နေတာ နေမှာပေါ့။

ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ။ အဲဒီနေ့ညနေ တစ်ချိန်လုံးမှာတော့ အရာရာဟာ ပုံမှန်အတိုင်း စီးမျောကုန်ဆုံးသွားခဲ့တယ်။ ကျွန်မရဲ့ ခံစားချက်တွေကလည်း တစ်ချိန်လုံး တည်ငြိမ်အေးဆေးလို့ပဲ။ ဒီတော့ ကျွန်မစိတ်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ယုံကြည်ထားလိုက်တယ်။ ဒီအတိုင်းသာဆိုရင်တော့ ကျွန်မတို့နှစ်ယောက်ရဲ့အကြားမှာ ဘယ်လိုနည်းနဲ့မှ အချစ်ဇာတ်လမ်းတွေ ဖြစ်လာနိုင်စရာ မရှိဘူး။ သူငယ်ချင်းတွေလောက်ပဲ။

❑

"အမေ၊ ဟောဟိုနားက အိမ်အိုကြီးကို အမေ သိလား။ အိမ်ရှင်တွေက ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်ပြီး သေကုန်ကြတယ် ဆိုတာလေ"

ကျွန်မ အမေ့ကို မေးကြည့်တယ်။

"ကြားဖူးတယ်။ အဲဒီတုန်းက သတင်းထဲတောင် ပါလာသေးတယ်။ မီးလင်းဖိုမှာ မီးမွှေးထားပြီး ပြတင်းပေါက်တွေ အလုံပိတ်ထားရင်း အိပ်ပျော်သွားကြတယ် ဆိုလားပဲ"

"ဟုတ်တယ်။ အဲဒီအိမ်ပဲ။ သူတို့အကြောင်းကို တခြားရော ဘာတွေ သိထားသေးလဲ"

ကျွန်မအမေက ဒီဒေသမှာပဲ ကြီးပြင်းလာခဲ့တဲ့သူဆိုတော့ အဲဒီအကြောင်းတွေကို သူ မသိဘဲနေမှာ မဟုတ်ဘူးလို့ ကျွန်မ ယူဆတယ်။

ကျွန်မတို့ ဆိုင်ပိတ်ပြီး စားပွဲတွေကို သန့်ရှင်းရေးလုပ်နေကြတာ။ အဲဒါတွေပြီးတော့ အမေနဲ့ ကျွန်မက ကောင်တာနောက်မှာ ထိုင်ရင်း ဂဏန်းထမင်းပေါင်းနဲ့ မီဆိုစွပ်ပြုတ်ကို စားနေကြတယ်။ မီဆိုစွပ်ပြုတ်က အဘွားရဲ့ အမွေပေါ့။ ကျွန်မဟာ အဲဒီ မီဆိုစွပ်ပြုတ်ရဲ့ ကောင်းမြတ်ထူးကဲတဲ့ အရသာကို နောင်လာနောက်သားတွေ ပြည်းစမ်းနိုင်ဖို့အတွက် အမွေဆက်ခံဖို့ မွေးဖွားလာတာပါလို့ လူတွေက ကျွန်မကို ပြောလာရင်တောင် ကျွန်မ နည်းနည်းကလေးမှ စိတ်ဆိုးမှာ မဟုတ်ဘူး။ အဲဒီ စွပ်ပြုတ်က အဲဒီလောက်ကို အရသာ ထူးကဲတာပါ။ မှော်အတတ်နဲ့ ဖမ်းစားထားခံရသလိုကို သူ့မှာ ဆွဲဆောင်မှု ရှိနေတယ်။ တကယ်တော့ အဘွားက သူ့ရဲ့ မီဆို

mgyoe.com SAMPLE BOOK

အနှစ်ကို အစကနေ အဆုံးထိ သူ့လက်နဲ့သူလုပ်ရမှ ကျေနပ်တဲ့ လူစားမျိုးလေ။

"အဲဒီ လင်မယားနှစ်ယောက်က မကြာမကြာ ဒီဆိုင်ကို အတူတူ လာစားတတ်ကြတယ်။ အဘိုးကြီး ခြေထောက်မကောင်းတဲ့ နောက်ပိုင်းတော့ သိပ်မလာကြတော့ဘူး။ ဒါပေမယ့် ညပိုင်း ငြိမ်နည်းတဲ့ အချိန်မျိုးမှာဆိုရင် သူတို့နှစ်ယောက်က တစ်ယောက်လက်ကို တစ်ယောက်တွဲပြီးတော့ ဆိုင်ကို ပေါက်လာတတ်တယ်။ သူတို့ ရောက်တိုင်းလည်း ဟောဟိုက နံပါတ် ၆ စားပွဲမှာပဲ ထိုင်ပြီး ကြက်ဥလိပ်ထမင်းနဲ့ ဝက်ကာရီထမင်းကို မှာတတ်တယ်။ ပြီးတော့ ပြောသေးတယ်။ နှစ်ယောက် မျှစားရအောင် ပန်းကန်အလွတ်နှစ်ချပ်လည်း ပေးပါဦးတဲ့"

"အိုး... အဲဒီလို ပြောလိုက်တော့ သမီးလည်း မှတ်မိလာသလိုပဲ။ မျက်စိထဲ ပြန်မြင်လာပြီ"

"ပြီးတော့ ဘီယာပုလင်းသေး တစ်ပုလင်းလည်း မှာသေးတယ်။ တကယ့်ကို ချစ်စရာကောင်းတဲ့ အဘိုးအဘွား စုံတွဲပါပဲ။ သူတို့ရဲ့ ဘဝက ရိုးရိုးရှင်းရှင်းကြီးလို့ ပြောလို့ရတယ်။ ဒါပေမဲ့ သူတို့ကိုယ်တိုင် နှစ်ပေါင်းများစွာ ဖန်တီးတည်ဆောက်ထားတဲ့ စည်းကမ်းတွေ၊ ထုံးစံတွေကတော့ အနည်းအကျဉ်း ရှိနေတဲ့ပုံပဲ။ သူတို့ကို ကြည့်ရတာ အမြဲတမ်း ရယ်ရယ်မောမော ရှိနေကြတာမျိုး မဟုတ်ပေမဲ့ သူတို့ရဲ့ ပုံပန်းသဏ္ဍာန်တွေက အေးချမ်းနေမှန်း မြင်ရုံနဲ့ သိသာတယ်။ ငါတောင် နင့်အဖေကို မကြာမကြာ ပြောဖြစ်သေးတယ်။ 'ငါတို့ အဘိုးကြီး အဘွားကြီး ဖြစ်တဲ့အခါမှာ သူတို့လိုနေရရင် ဘယ်လောက်များ ကောင်းလိုက်မလဲ' ပေါ့။ နောက်ပြီး သူတို့ရဲ့ အဖြစ်အပျက်ကို ကြားရပြီးတဲ့နောက်မှာ နင့်အဖေကိုတောင် ပြောဖြစ်သေးတယ်။ သူတို့လို အတူတူ အိပ်နေကြရင်းနဲ့ ဘဝတစ်ခုကို အဆုံးသတ်သွားရတာမှ ခပ်ကောင်းကောင်းရယ်"

ဖေဖေနဲ့ မေမေက တစ်ယောက်ကိုတစ်ယောက် အင်မတန်မှ မြတ်နိုးတန်ဖိုးထားကြတဲ့ စုံတွဲတစ်တွဲပါ။

ဖေဖေဟာ အရင်တုန်းက ရိုးရိုးကုမ္ပဏီဝန်ထမ်းတစ်ယောက်ပါ။ ဒီဆိုင်မှာ ထမင်းလာစားရင်းနဲ့ မေမေ့ကို တွေ့ပြီး ချစ်ကြိုးသွယ်သွားခဲ့တယ်။ ဒါနဲ့ အလုပ်ထွက်ပြီး ဟင်းချက်သင်တော့တာပဲ။ တစ်ချိန်ကျရင် မေမေနဲ့ လက်တွဲပြီး ဒီဆိုင်ကို ဦးစီးဦးဆောင် လုပ်သွားနိုင်အောင်ပေါ့။ တည်ငြိမ်နေတဲ့ ကုမ္ပဏီအလုပ်ကို ထွက်ပစ်ပြီး ကိုယ်ဘာမှန်းမသိတဲ့ လောကထဲကို ခြေစုံပစ်ဝင်ရဲတာ နည်းတဲ့သတ္တိလားနော်။ ဖေဖေက မေမေ ဘာပြောပြော ခေါင်းညိတ်လိုက်ဖို့ အဆင်သင့်ပဲ။ စားဖိုမှူးသင်တန်းဖွင့်မယ် ဆိုတုန်းကလည်း အဲဒီအတိုင်းပဲ။ ကျွန်မက ဘယ်လောက်ပဲ ဆန့်ကျင်နေနေ၊

mgyoe.com

mgyoe.com SAMPLE BOOK

မေမေရဲ့ စိတ်ကူးသာဆိုရင် ဖေဖေက ချက်ချင်း ခေါင်းညိတ်ပြဖို့ ဝန်မလေးခဲ့ဘူး။

"ဘုရား ဘုရား၊ သမီးကို သနားရင် သူတို့ နှစ်ယောက်လိုတော့ မနိုးသော အိပ်ခြင်းနဲ့ မအိပ်လိုက်ကြပါနဲ့" ကျွန်မ ပြောလိုက်တယ်။

"ဒီဆိုင်ကို သမီးလက်ထဲ အပ်ခဲ့နိုင်တာနဲ့ပဲ အသေဖြောင့်ပါပြီကွယ်" သူက ပြောရင်း ရယ်နေတယ်။

ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် အဲဒီလို စကားမျိုးက ကျွန်မအစ်ကိုကို ရည်ရွယ်ခဲ့တာချည်းပဲ။

မေမေကတော့ ဘာရယ်မဟုတ်ဘူး။ ရယ်ရယ်မောမောနဲ့ အဲဒီလို စကားမျိုးကို ပြောချလိုက်တာပဲ။ ဒါပေမဲ့ အစ်ကိုရဲ့ စိတ်ထဲမှာတော့ ဝန်ထုပ်ဝန်ပိုးကြီးလို ဖြစ်လာခဲ့တယ်။ အစ်ကို့အတွက်ဆိုရင် အဲဒီစကားက ကြီးလေးတဲ့ ဖိအားကြီးတစ်ခု ပဲလေ။

ကျွန်မအနေနဲ့ကတော့ မိဘအမွေကို ဆက်ခံရမယ့် အစ်ကို့ကို ကျိတ်ပြီး အားကျနေခဲ့မိတာပေါ့။

ကျွန်မ ဘာကြောင့် မိဘတွေရဲ့ လုပ်ငန်းကို ဆက်ခံချင်ရတာလဲဆိုတဲ့ အကြောင်းပြချက်က တကယ်တော့ ဘာမှမည်မည်ရရရှိတာ မဟုတ်ဘူးရယ်။ ကျွန်မ ရဲ့ ခေါင်းမာတဲ့၊ အလျှော့မပေးချင်တဲ့ စိတ်ဓာတ်ကြောင့်ပဲလားတော့ မသိဘူး။ အစ်ကို့ကို မိဘတွေက ဒီလောက်တောင် ဖူးဖူးမှုတ်ထားပါလျက်နဲ့ သူက ဘာတွေကို မကျေမနပ် ဖြစ်နေရသေးတာလဲဆိုတာကို ကျွန်မ တကယ် နားမလည်ခဲ့ဘူး။ အဲဒီလို ဖြစ်နေတဲ့ အစ်ကိုရဲ့ စိတ်သဘောထားကို ကြားရဖန်များလာတော့ ကျွန်မရဲ့ ရင်ထဲ မှာလည်း မသိလိုက် မသိဘာသာနဲ့ အကြိတ်အခဲကြီး တစ်ခုလို ဖြစ်လာခဲ့တယ်။ သူ့အနေနဲ့ အတန်တန် တွန်းဖယ်ဖို့ ကြိုးစားနေတဲ့ အရာဟာ ကျွန်မ ရင်ထဲမှာတော့ မရအရ ဖမ်းဆုပ်ထားရမယ့် အရာတစ်ခုလို ဖြစ်တည်လာခဲ့တယ်။ အဲဒီလောက်ပါပဲ။

ဒါပေမဲ့ ကျွန်မအဘွား ဆုံးသွားတဲ့အချိန်မှာ ကျွန်မခေါင်းထဲ အတွေးသစ် တစ်ခု တိုးဝင်လာတယ်။

ဈာပန အခမ်းအနားကို အနက်ရောင်ဝတ်စုံ ဝတ်ထားကြတဲ့ ဦးလေးကြီးတွေ အတော်များများ ရောက်လာကြတယ်။ တစ်ချိန်က အဘွားရဲ့လက်ရာဖြစ်တဲ့ ထမင်း ဟင်းမျိုးစုံကို စားသုံးရင်း သူတို့ရဲ့ ဘဝတွေကို ဖြတ်သန်းလာကြတဲ့ လူတွေပေါ့။ ဟိုဟင်းက ကောင်းတယ်ဟဲ့၊ ဒီဟင်းနဲ့ ဒါနဲ့က လိုက်ဖက်တယ်ဟဲ့ ရယ်လို့ အဘွားရဲ့ အကြံပြုချက်ကို ရယူခဲ့ဖူးကြတဲ့ လူတွေပေါ့။ သူတို့တွေက ဒီဆိုင်ထဲမှာပဲ ချစ်သူ

mgyoe.com SAMPLE BOOK

ရည်းစားတွေနဲ့ ချိန်းတွေ့ခဲ့ကြ၊ ဒီဆိုင်ထဲမှာပဲ အသည်းကွဲရင်း အဘွားရဲ့ ပုစွန်ကင်နဲ့ အပြည်းလုပ်ခဲ့ရတဲ့ အကြောင်းတွေကို စုံနဖာစေ့အောင် ပြောနေခဲ့ကြတယ်။

ဒီပုံဒီနည်းနဲ့ တခြားလူ တစ်ယောက်ယောက်ရဲ့ လျှောက်လှမ်းရာ ဘဝခရီးထဲမှာ အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုအနေနဲ့ ပါဝင်ခွင့်ရတာ တယ်ဟုတ်ပါလား လို့ ကျွန်မ ပထမဆုံးအကြိမ်အဖြစ် သတိထားမိလာတယ်။

ကျွန်မတို့ နေ့တိုင်း ကိုင်တွယ်အသုံးပြုနေတဲ့ အိုးခွက်ပန်းကန်တွေဟာ အသုံးပြုတာ ကြာလာတာနဲ့အမျှ၊ ပွတ်တိုက်ဆေးကြောတာ များလာတာနဲ့အမျှ သူတို့ရဲ့အရောင်တွေကလည်း ပိုပိုပြီး ဝင်းပတောက်ပြောင်လာတယ်။ အဲဒီလိုပါပဲ။ ဒီစားသောက်ဆိုင်ထဲမှာ ထူးမခြားနားတဲ့ ဟင်းလျာတွေကို နေ့စဉ်ရက်ဆက် ချက်ပြုတ်ကျော်လှော်နေရပေမယ့် အဘွားရဲ့ဘဝက ကျွန်မ နားလည်သဘောပေါက်နိုင်တာထက် ပိုပြီး နက်ရှိုင်းကျယ်ဝန်းတယ်လို့ ထင်နေရတယ်။

လောကမှာ ဒီထက် အဓိပ္ပာယ်ပြည့်ဝတဲ့ တခြားအလုပ်အကိုင်မျိုးကို ကျွန်မ မှန်းဆကြည့်လို့ မရတော့ဘူး။

❑

နောက်အပတ်တွေမှာလည်း အီဝါကုရဟာ ဘားဆိုင်မှာ နာရီပေါင်းများစွာ သူ့ အလုပ်သူ ဆက်လုပ်နေခဲ့တယ်။ ကျွန်မကလည်း ကျောင်းနဲ့ စားသောက်ဆိုင်ကို လွန်းထိုးနေရင်း တခြား ဝါသနာပါတဲ့ အလုပ်တချို့ကိုလည်း မပြတ်မလပ် ဆက်လုပ်နေရင်းပေါ့။

ကျွန်မတို့ရဲ့ စားသောက်ဆိုင်မှာ ကျွန်မကိုယ်တိုင် လုပ်ထားတဲ့ ပန်းကန်ပြားနဲ့ ကြွက်ဥလိပ်ထမင်းကို စပြီး တည်ခင်း ငြှေခံနေပြီ။ ဒါကြောင့် ကျွန်မရဲ့ အိုးထိန်းပညာက လက်တွေ့အသုံးတည့်တဲ့ ပညာတစ်ခု ဖြစ်လာတယ်။ အလုပ်လည်း ပိုရှုပ်လာတယ်ပေါ့။ ဟင်းအမယ် ကြော်ငြာဆိုင်းဘုတ်ကိုလည်း ကျွန်မကိုယ်တိုင် စိတ်တိုင်းကျ ရေးသားတယ်။ ဒါကြောင့်လည်း ကျွန်မရဲ့ လက်ရေးလှကျင့်တဲ့အချိန်ကို နည်းနည်းမှ လျှော့လို့မဖြစ်ဘူး။ အလုပ်တစ်ခုကို စိုက်လိုက်မတ်တတ် လုပ်နေတတ်တာ ကျွန်မရဲ့ ဝသီတစ်ခုပဲလေ။ ဘယ်သို့သော ပညာရပ်ကိုပဲ သင်သင်၊ လက်တွေ့အသုံးချနိုင်တဲ့အထိ ငွဲရှိရှိနဲ့ စွဲစွဲမြဲမြဲ သင်ယူလေ့လာတတ်တယ်။ အဲဒါ ကျွန်မရဲ့ ခေါင်းမာတဲ့ အကျင့်လို့ပဲ ဆိုရမလား၊ ဒါမှမဟုတ် အားသာချက်လို့ပဲ ဆိုရမလား မပြောတတ်တော့ဘူး။ သေချာတာကတော့ အဲဒီအကျင့်ကို ဘယ်လိုမှ ပြင်လို့ မရတော့တာပဲ။ တက္ကသိုလ်ကနေ ဘွဲ့ရတဲ့အခါမှာ ကျွန်မ ဘာဆက်လုပ်ရမယ်

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတာကို အတိအကျ သိထားတာဆိုတော့ ကျွန်မရဲ့ စွမ်းအင်တွေကို ဘယ်နေရာမှာ အကောင်းဆုံး အသုံးချရမလဲ ဆိုတာကိုလည်း ကျွန်မ နားလည် သဘောပေါက်ထားတယ်။ တစ်နည်းပြောရရင်တော့ တက္ကသိုလ်ကနေ သင်ပေးလိုက်တဲ့ ပညာတွေဟာ နောက်နောင်မှာ လက်တွေ့အသုံးချဖို့ မဖြစ်နိုင်လေတော့ အဲဒီဘာသာရပ်တွေကလည်း ကျွန်မကို ဘယ်လိုမှ မဆွဲဆောင်နိုင်ခဲ့ကြဘူး။

တက္ကသိုလ်ပရိဝုဏ်ထဲမှာ အီဝါကုရကို တွေ့ရတဲ့အခါတိုင်း သူ့ကို ကြည့်ရတာ နွမ်းဖတ်နေသလိုပဲလို့ ကျွန်မ တွေးနေမိတယ်။

အဲဒါကလည်း သူ့မိသားစုရဲ့ အဝေးမှာ ဘဝကို ကိုယ့်လက်ကိုယ့်ခြေနဲ့ ထိန်းကျောင်းနေရလို့ ဖြစ်လာတဲ့ ဒဏ်ရာဒဏ်ချက်တွေ နေမှာပေါ့။ သူ့ရဲ့ အချိန်တွေအားလုံးနီးပါးကို ဘားဆိုင်က အလုပ်နဲ့ပညာရေးအတွက် အပြည့်အဝ အသုံးချနေရတယ် ဆိုတာကို ကျွန်မ သိတယ်။ သူက သူ့ကိုယ်သူ အရွယ်ရောက်တဲ့ လူကြီးတစ်ယောက်လို စတိုင်ဖမ်းပြီး ပြုမူနေထိုင်နေပေမယ့် သူက အခုမှ တက္ကသိုလ်ကျောင်းသားတစ်ယောက်ပဲ ရှိသေးတာလေ။

ဘာကြောင့်ရယ်လို့တော့ မပြောတတ်ဘူး။ သူ အဲဒီလို ဖြစ်နေတာဟာ သူ့အခန်းထဲမှာ အတူနေနေကြတဲ့ သရဲလင်မယားနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်ဆက်စပ်နေလိမ့်မယ်လို့ ကျွန်မ တွေးထင်နေမိတယ်။

သရဲတွေရဲ့ ဝိညာဉ်လောကမှာ ကိုယ်ပိုင်အချိန်ဆိုတာမျိုး ရှိမလား မသိဘူး။ ကျွန်မတို့ လူ့လောကရဲ့ အချိန်နဲ့ ဘယ်လိုမှ မပတ်သက် မဆက်စပ်နိုင်ဘဲ သူတို့ရဲ့ ကိုယ်ပိုင် ကာလယန္တရားထဲမှာပဲ တစ်ချိန်လုံး စီးမျောနေကြတာဖြစ်မယ်။ တကယ်လို့သာ ဝိညာဉ်လောကထဲကို အနည်းအကျဉ်းပဲဖြစ်ဖြစ် ဝင်ရောက်စွက်ဖက်မိသွားရင် လူ့ဘဝရဲ့ စိတ်ခွန်အားလို စွမ်းအင်မျိုးတွေကို ထိခိုက်လျော့ပါး သွားစေနိုင်တယ်လေ။ ကျွန်မ စိတ်ပူနေမိတာလည်း အဲဒီအချက်ပဲ။

❑

ကျွန်မကိုယ်ကျွန်မ နားလည်ထားတာထက် အီဝါကုရကို သဘောကျမိနေပြီလား မဆိုနိုင်ဘူး။

အိုးလုပ်တဲ့ အလုပ်ရုံမှာ ဆုံဆည်းခဲ့ကြတဲ့ အစ်ကိုကြီးတစ်ယောက်နဲ့ လွန်ခဲ့တဲ့ ခြောက်လလောက်ကပဲ ကျွန်မ ကွာပြခဲ့တယ်။ အဲဒီတုန်းကတော့ တကယ့်ကို နှစ်နှစ်ကာကာ ချစ်ခဲ့မိတာပဲ။ သူက ကျွန်မထက် အသက်ကြီးတဲ့ လူပျိုလူလွတ်တစ်ယောက်ပေါ့။ သူနဲ့ အိမ်ထောင်တစ်ခု တည်ထောင်မယ်ဆိုတဲ့ အထိကို ကျွန်မ

mgyoe.com SAMPLE BOOK

အရှုံးအမူးဖြစ်ခဲ့မိတယ်။ နောက်ဆုံးကျတော့လည်း စိတ်သဘောထား မတိုက်ဆိုင်မှုတွေကြောင့် အချစ်ဇာတ်လမ်းလေးတစ်ခု အဆုံးသတ်သွားခဲ့တယ်။ ဒါပေမဲ့ ကွန်မသူ့ကို မေ့မရနိုင်သေးဘူး။ အဲဒီလူက သူ့ကုမ္ပဏီက အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်သွားပြီး အိုးလုပ်တဲ့သင်တန်းကိုလည်း လာမတက်တော့ဘူး။ ဒါနဲ့ပဲ ကွန်မတို့လည်း တစ်ယောက်ကိုတစ်ယောက် ထပ်မတွေ့ဖြစ်ကြတော့ဘူး။

အဲဒီမိန်းမက သူ့အရင်ယောကျ်ားရဲ့ အိမ်ထောင်ရေး အကြမ်းဖက်မှုနဲ့ ပတ်သက်ပြီး အကြံဉာဏ်တောင်းရအောင် ကွန်မရဲ့ ရည်းစားဟောင်းဆီကို ချဉ်းကပ်ခဲ့တယ်။ အဲဒီဘဲကြီးကလည်း ပစ်ထားလို့ မကောင်းတတ်တာနဲ့ သူတို့ရဲ့ ကိစ္စမှာ ဝင်ပါရင်းပါရင်း တဖြည်းဖြည်းနဲ့ အဲဒီမိန်းမရဲ့ ရင်ခွင်ထဲကို ရောက်သွားတော့တာပဲ။

ကွန်မရဲ့ အားသာချက်ဆိုလို့ တစ်ခုတည်း ရှိတယ်။ ငယ်ရွယ်နုပျိုခြင်းပေါ့။ ဒီတော့ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ညှို့ယူဖမ်းစားဖို့ ကြိုးစားနေကြတဲ့ ကိစ္စမှာ ကွန်မအနေနဲ့ ဘာမှ မတတ်နိုင်ခဲ့ဘူး။ ကွန်မရဲ့ ဘဝက စည်းအပြင်ကနေ ဖြစ်ပျက်သမျှကို လက်ပိုက်ကြည့်နေရုံပဲ တတ်နိုင်ခဲ့တယ်။

ဘားဆိုင်မှာ အလုပ်ပါးတဲ့အချိန်ဆိုရင် ကွန်မရဲ့အကြောင်းကို အီဝါကုရကို ပြောပြဖြစ်တယ်။ ဟာသဇာတ်လမ်းတစ်ပုဒ်ကို ပြောပြသလို ပေါ့ပေါ့ပါးပါးပါပဲ။ ဒါပေမဲ့ သူက ပြောတယ်။ "အဲဒီလို လွယ်လွယ်နဲ့ ဘက်ပြောင်းတတ်တဲ့ ယောကျ်ားတစ်ယောက်က ဘယ်တော့မှ ငြိမ်မှာ မဟုတ်ဘူး။ ဟောတစ်ယောက်၊ ဟောတစ်ယောက် နေမှာပဲ။ နင် သူနဲ့ ကွဲသွားတာပဲ ကောင်းတယ်"

သူ့လို ငယ်ရွယ်တဲ့ ကောင်လေးတစ်ယောက်အနေနဲ့ အခုလို ကျိုးကြောင်းဆီလျော်တဲ့၊ သင့်တင့်လျောက်ပတ်တဲ့ ထင်မြင်ချက်မျိုး ပေးနိုင်တဲ့အတွက် ကွန်မသူ့အပေါ် အထင်ကြီးနေမိတယ်။

တကယ်တမ်းမှာလည်း သူ့ရဲ့ထင်မြင်ချက်ဟာ ကွန်မရဲ့ ရင်ကွဲနာကို ပျောက်ကင်းသက်သာစေခဲ့တဲ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်လာခဲ့တယ်။ တကယ်ပါပဲ။ အဲဒီအကြောင်းကို အီဝါကုရရဲ့ အရှေ့မှာ နောက်တစ်ခါ ထပ်မပြောဖြစ်တော့ဘူး။ အချိန်နည်းနည်းကြာတော့ အနာဟောင်းတွေ အကုန်လုံးကို ကွန်မ အတိတ်မှာပဲ ထားပစ်နိုင်ခဲ့တယ်။ အဲဒီရည်းစားဟောင်း အိမ်ထောင်ကျပြီးသွားတာနဲ့ ကွန်မရဲ့ ဘဝထဲမှာလည်း ခြေရာတောင် မကျန်ခဲ့တော့ဘူး။ ဒါပေမဲ့ အဲဒီအချိန်က စပြီး ကွန်မအရှေ့မှာ မတ်တတ်ရပ်လျက်နဲ့ ဖန်ခွက်တွေကို ရေခြောက်အောင် သုတ်နေတတ်တဲ့ နှာတံတိုတိုနဲ့ အီဝါကုရရဲ့ တည်ငြိမ်အေးဆေးတဲ့ ပုံရိပ်ဟာ ကွန်မရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

မှတ်ဉာဏ်ထဲမှာ သံမှိုစွဲသလို စွဲမြဲနေတော့တယ်။

❑

အဲဒီနေ့ နေ့ခင်းက ဘူတာရုံမှာ အီဝါကုရနဲ့ မတော်တဆ တွေ့ဆုံမိကြတယ်။

"နေရထိုင်ရတာ အဆင်ပြေရဲ့လား" ကျွန်မက ပြုံးကာရယ်ကာနဲ့ သူ့ကို မေးလိုက်တယ်။

"ငါ နင်ပေးတဲ့ အကြံဉာဏ်အတိုင်း လုပ်ပစ်လိုက်တယ်" သူက ချက်ချင်း ပြန်ဖြေတယ်။ "နင် အခု အားတယ်မဟုတ်လား။ လမ်းလျှောက်ရင်း စကားပြောကြတာပေါ့"

"အင်း၊ ရတယ်လေ။ ငါ အခု အိမ်ပြန်မလို့ပဲ" ကျွန်မ ပြောလိုက်တယ်။ "အီဝါကုရ၊ နင် ဒီနေ့ အလုပ်ဆင်းရဦးမှာ မဟုတ်ဘူးလား"

"ဒီနေ့ ဆင်းစရာ မလိုဘူး။ ဒါပေမဲ့ မနက်ဖြန် မနက်တော့ ၆ နာရီထမှ ဖြစ်မယ်"

ကျွန်မပဲ စိတ်ထင်နေတာလား မသိဘူး။ သူ့ရဲ့ပုံက အရင်ကထက် လန်းဆန်းပြီး တက်ကြွနေတယ်။

"အခုနောက်ပိုင်းရော သရဲတွေကို တွေ့ရသေးလား" ကျွန်မ မေးကြည့်လိုက်တယ်။

"အင်း၊ တစ်ခါတလေပေါ့။ အဘွားကြီးက လက်ဖက်ရည်နှပ်ပြီး လှန်းထားတဲ့ အဝတ်အစားတွေ ခေါက်နေတတ်တယ်။ အဘိုးကြီးကတော့ ကိုယ်လက်လေ့ကျင့်ခန်း လုပ်နေတာပေါ့"

"မိသားစုနဲ့ ခွဲနေပါတယ်ဆိုမှ နောက်ထပ် မိသားစုအသစ်နဲ့ လာတိုးနေတယ်နော်။ အခုလို နေနေတာကို တစ်ကိုယ်ရေတစ်ကာယ နေတယ်လို့ ခေါ်လို့ ရပါ့မလား"

"အခုတော့ အသားကျနေပါပြီဟာ။ တော်တန်ရုံ သတိတောင် မထားမိတော့ဘူး။ မတော်တဆ တွေ့မိကြတော့လည်း နေကောင်းလားလို့ နှုတ်ဆက်လိုက်တာပေါ့။ သူတို့ကတော့ အနားမှာ ငါ ရှိနေမှန်းတောင် သိကြပုံမရဘူး"

အချိန်က ဆောင်းဦးတုရဲ့ နေ့လယ်ခင်း။ ကျွန်မတို့နှစ်ယောက်က လူသူ ကျဲပါးတဲ့ လမ်းမတွေအတိုင်း လမ်းလျှောက်နေကြတယ်။

လမ်းပေါ်မှာ ကားတွေက သွားလိုက်လာလိုက်နဲ့။ ရှေ့မီးကို ခပ်မှိန်မှိန် ထွန်းပြီး တစ်စီးကိုတစ်စီး အချက်ပြနေကြတယ်။ လမ်းဘေးဝဲယာ တစ်လျှောက်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

အစီအရီ ပေါက်ရောက်နေကြတဲ့ သစ်ပင်တွေပေါ်က ညှိုးရော်နေတဲ့ ဆောင်းရွက်ဝါတွေကလည်း မျက်စိတစ်ဆုံး ဆွဲဆန့်ခံထားရသလို မိုးကုပ်စက်ဝိုင်းထဲကို တိုးဝင်နေကြတယ်။

"ဆိုစမ်းပါဦး။ နင်က ငါ့ရဲ့ ဘယ်က အကြံဉာဏ်အတိုင်းလုပ်ဖို့ ဆုံးဖြတ်ခဲ့တာလဲ" ကျွန်မ မေးလိုက်တယ်။

"နိုင်ငံခြား သွားမယ်လေ။ ပါရီမှာရှိတဲ့ ကိတ်မုန့်ဖုတ်သင်တန်းကျောင်းကို သွားတက်မယ်လို့ ဆုံးဖြတ်ထားတယ်"

"ဒါဆို မိဘလုပ်ငန်းကို ဆက်ခံဖို့အတွက် ပညာဆည်းပူးတဲ့ သဘောပေါ့"

"ငါ တွေးကြည့်တယ်ဟ။ ပြင်သစ်ကို တစ်ခေါက်မှမရောက်ဖူးဘဲနဲ့ ကိတ်မုန့်ဖုတ်သမားတစ်ယောက် လုပ်ရမယ်ဆိုတာကတော့ တစ်ခုခု လွဲနေသလားလို့"

"ငါ နားလည်ပါတယ်။ ငါသာ အီတာလျံစားသောက်ဆိုင် ဖွင့်ထားရင်လည်း နင် တွေးသလို တွေးမိမှာပဲ။ ကံကောင်းစွာနဲ့ပဲ ငါတို့ရဲ့ ယိုရှိုကူက ဂျပန်စာ ဖြစ်နေတယ်။ ဒါကြောင့် နင့်လို အဝေးကြီးကို သွားနေစရာ မလိုတော့ဘူး"

"ငါ့ဘိုးတော် တီထွင်ထားတဲ့ ကိတ်လိပ်ကို ပြောင်းလဲပစ်ဖို့ ငါ့မှာ စိတ်ကူးမရှိပါဘူး။ ဒါပေမဲ့ အဲဒါထက် ပိုပြီး ထူးခြားတဲ့ အရာတစ်ခုခုများ လုပ်နိုင်ဦးမလားဆိုတာကိုတော့ ငါ စမ်းကြည့်ချင်သေးတယ်။ တက်စရာရှိတဲ့ သင်တန်းကို ပြီးအောင်တက်ပြီး အဲဒီမှာ အလုပ်တစ်ခု ရှာကြည့်မယ်။ အတိအကျတော့ မပြောနိုင်သေးဘူးပေါ့ဟာ။ မီးစင်ကြည့်ကရမှာပေါ့။ ဒါပေမဲ့ အခုချိန်ထိတော့ အဲဒီလို လုပ်ချင်စိတ်က အတော်လေးကို ပြင်းပြနေတယ်။ ကိုယ့်လက်နဲ့ ဂရုတစိုက်လုပ်ရတဲ့ အလုပ်မျိုးကို ငါက မုန်းတီးနေတာမှ မဟုတ်တာဘဲ။ နောက်ပြီး ကိတ်မုန့်ဖုတ်တဲ့ အလုပ်ကိုလည်း ငါ အမြင်မကတ်ပါဘူး။ အချိုပွဲက လူတွေကို စိတ်ပျော်ရွှင်အောင် လုပ်ပေးနိုင်တယ်လေ။ စစချင်းတုန်းကတော့ ဂျပန်ပြည်မှာရှိတဲ့ သင်တန်းတစ်ခုခုကို ရှာခဲ့တာပဲ။ ဒါပေမဲ့ ရှာရင်းရှာရင်းနဲ့ ပြင်သစ်ကို သွားချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်လာတယ်"

"နင့်မိဘတွေကိုရော ပြောပြီးပြီလား"

"အင်း၊ ပြောပြီးပြီ။ သူတို့ကတော့ အသည်းအသန် ကန့်ကွက်နေကြတာပဲ"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"ငါ စုထားတဲ့ ပိုက်ဆံက အဲဒီဘက်မှာ ကျောင်းသွားတက်ဖို့အတွက်တော့ ကောင်းကောင်း လုံလောက်ပါတယ်။ နောက်ပြီး အလုပ်တစ်ခု ရှာမယ်ဟာ။ ဈေးသက်သာတဲ့ အဆောင်တစ်ဆောင် ငှားနေမယ်ဟာ။ နောက်ပြီး ငါ့မှာ ငယ်ငယ်က

mgyoe.com

mgyoe.com SAMPLE BOOK

တည်းက စုထားတဲ့ မုန့်ဖိုးတွေလည်း ရှိသေးတယ်။ အဲဒါတွေကို ငါ့မိဘတွေက စုပေးထားတာဆိုတော့ တတ်နိုင်ရင် အဲဒါတွေကို မထိချင်ဘူး"

"ဝိုး... အီဝါကုရ၊ နင်ကတော့ စံပဲ။ မိုက်လိုက်တာ။ နင်က ကိုယ့်ကျောင်းစရိတ်ကိုတောင် ကိုယ်ဘာသာရအောင် ရှာနိုင်ခဲ့တာပဲ"

"အင်း၊ မသုံးရက် မစွဲရက်နဲ့ တစ်ပြားမကျန် စုလာခဲ့ရတာ"

သူ သွားတော့မှာပါလားလို့ ကျွန်မ တွေးလိုက်မိစဉ်မှာပဲ ကျွန်မရင်ထဲ စူးခနဲ ထိုးအောင့်သွားတယ်။ မျှော်လင့်မထားတဲ့ အထီးကျန်မှုက ကျွန်မတစ်ကိုယ်လုံးမှာ ပျံ့နှံ့သွားသလိုပဲ။ ကျွန်မတို့ရဲ့ ခေါင်းပေါ်မှာရှိတဲ့ ကောင်းကင်ကြီးက ဟိုးအဝေးတစ်နေရာမှာ မှုန်တိမှုန်မှိုင်းနဲ့။ ကျွန်မ တွေးနေမိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ နိုင်ငံခြားထွက်ပြီး ပညာသင်သွားတော့မှာ။ သူ့ရဲ့ ကိုယ်ပိုင်ကမ္ဘာလေးကို ရှာတွေ့သွားတော့မယ်။ နောက်ပြီး အဲဒီဘက်မှာ အခြေချပြီး ဒီကိုပြန်လာမှာ မဟုတ်တော့ဘူး။

အဲဒီအချိန်ကစပြီး ကျွန်မ သတိထားမိလာတယ်။ ဘာကြောင့်ရယ်လို့တော့ ကျွန်မလည်း အတိအကျ မပြောပြတတ်ဘူး။ ဒါပေမဲ့ အီဝါကုရဟာ ကျွန်မနဲ့အတူ အိပ်ချင်နေတယ် ဆိုတာကိုတော့ ကျွန်မ သိနေတယ်။ သူ့ရဲ့အမူအရာ၊ သူ့ရဲ့ အသံနေ အသံထားတွေထဲမှာ အဲဒီအကြောင်းကို တစ်နည်းတစ်ဖုံ ဖော်ပြနေကြသလိုပဲ။ ကျွန်မရဲ့ စိတ်ထဲမှာ အဲဒီလို ခံစားချက်မျိုးကြီး ဖြစ်နေတော့တယ်။ ကျွန်မတို့နှစ်ယောက်အကြားမှာရှိတဲ့ နီးကပ်မှုဆိုတဲ့ ခံစားချက်ကလည်း အချဉ်ဖောက်ထားတဲ့ ဂျုံမုန့်ညက်လို တိတ်တဆိတ်နဲ့ ဖြည်းဖြည်းချင်းပွပြီး စေးကပ်လာနေတယ်။

"နင် ချက်ကျွေးတဲ့ ကြက်ဥလိပ်ထမင်းကို မြည်းစမ်းခွင့်တော့ ရချင်သေးတယ်" အီဝါကုရက ပြောလာတယ်။ "ဟိုတစ်နေ့က နင့်ကို ဟော့ပေ့ါ ချက်ခိုင်းမိတဲ့အတွက် ငါ အခုထိ နောင်တရနေတုန်းပဲ။ ဒါပေမဲ့ နင့်ဟော့ပေါ့ကလည်း အတော်လေး စားလို့ကောင်းပါတယ်"

"ငါတို့ဆိုင်ကို လာရင် နင် အချိန်မရွေး စားလို့ရတာပဲ။ ဒါပေမဲ့ အဲဒါကတော့ ငါ့အဖေအမေတို့ ချက်ထားတဲ့ဟာတွေ။ ငါ ချက်တာနဲ့လည်း အရသာက ဘာမှထူးမှာ မဟုတ်ပါဘူး။ ဆိုးတာက ငါရဲ့ လက်စလက်နက အခုချိန်ထိ တစ်သမတ်တည်း ဖြစ်မနေသေးဘူး"

"ကိစ္စမရှိပါဘူးဟာ။ ကျောင်းပြီးဖို့လည်း အဝေးကြီး လိုသေးတာပဲ ဥစ္စာ" အီဝါကုရက ရယ်နေတယ်။

"အခု သွားလုပ်မယ်လေ။ ဘယ်လိုလဲ" ကျွန်မ ပြောလိုက်တယ်။ "အဆာ

mgyoe.com SAMPLE BOOK

ပလာ ဝယ်တဲ့ ပိုက်ဆံကိုတော့ နင် ထုတ်ရမှာနော်"

"အခု အဆင်ပြေလို့လား"

"ပြေပါတယ်"

အခုလို လွမ်းဆွတ်ဖွယ် အခါသမယလေးမှာ ကျွန်မတို့နှစ်ယောက်ဟာ ခုတင်ပေါ်တက်ဖို့ ဆွေးနွေး တိုင်ပင်နေကြတဲ့အလား နှစ်ယောက်စလုံး မှတ်ထင်နေကြလိမ့်မယ်လို့ ကျွန်မ ယူဆတယ်။

တိမ်ထူထပ်ပြီး မှုန်မှိုင်းနေတဲ့ မိုးကောင်းကင်ကြီးက လူကို မရိုးမရွ ဖြစ်စေတာ အမှန်ပဲ။ ငွေမျှင်တွေ ထူထူထဲထဲ သုတ်လိမ်းထားတဲ့ တိမ်တောင်ကြီးတွေရဲ့ အောက်နားကနေ လေညင်းတွေကလည်း တသုန်သုန် မြူးထူး တိုက်ခတ်လို့ရယ်။ အဲဒီလို ရာသီဥတုမျိုးမှာ တစ်ဦးတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ခိုဝင်နားစက်ဖို့ တွန်းအားပေးနေသလို။ သူ လုပ်တာနဲ့ပဲ အခန်းအောင်းပြီး မီးခိုးရောင် လေထုထဲမှာ ရာသက်ပန် နေသွားချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာမိတယ်။ အခန်းတစ်ခန်းထဲမှာ သူစိမ်းတစ်ယောက်နဲ့ အကန့်အသတ်မရှိတဲ့ ရမ္မက်ဇောတွေကို မြိန်ရေရှက်ရေ သုံးဆောင်ကြရင်း အဲဒီနေရာသာလျှင် ကျွန်မရဲ့ စိတ်ကို အပြည့်အဝ ဖြေလျှော့နိုင်တဲ့ နေရာတစ်နေရာရယ်လို့ ကျွန်မ ခံစားနေမိတယ်။

❑

လိုအပ်တဲ့ အဆာပလာတွေကို ဝယ်ဖို့အတွက် ကျွန်မတို့ စူပါမားကတ်တစ်ခုကို သွားကြတယ်။ နောက်တော့ သရဲခြောက်တယ်ဆိုတဲ့ အိမ်ကြီးဆီ ပြန်ရောက်လာကြတယ်။

ဒီတစ်ကြိမ်မှာတော့ ကျွန်မစိတ်ထဲ ကြောက်ရလန့်ရကောင်းမှန်း မသိတော့ဘူး။ အခန်းကိုကြည့်ရတာ အရင်တစ်ခေါက်ကထက် အရောင်တွေ မှိန်ဖျော့နေတယ်။ အရာရာကို ဖောက်ထွင်းပြီး မြင်နိုင်တော့မလားလို့တောင် အောက်မေ့နေရတယ်။ လေထုကလည်း ခြောက်ကပ် ငြီးငွေ့ဖို့ ကောင်းနေပြီး ကြည်လင် ပြတ်သားနေတယ်။ ပြတင်းပေါက်ကနေ အပြင်ကို လှမ်းကြည့်လိုက်ရင်တော့ ဟိုးအဝေးတစ်နေရာမှာ တစ်နံတစ်လျား ခြေဆန့်ထားကြတဲ့ မီးခိုးရောင်တိမ်တိုက်ကြီးတွေကို တွေ့မြင်နေရတယ်။

ဟိုအကြောင်း၊ ဒီအကြောင်းတွေကို ရောက်တတ်ရာရာ ပြောကြရင်း ဂတ်စ်မီးဖိုက ထွက်လာတဲ့ အပူငွေ့တွေကို လွင့်ပျောက်သွားအောင် ပြတင်းပေါက်ကို တွန်းဖွင့်လိုက်တယ်။ ကျွန်မရဲ့ ကြက်ဥလိပ်ထမင်းကိုလည်း လုပ်လို့ ပြီးသွားပြီ။

mgyoe.com

mgyoe.com SAMPLE BOOK


ဆော့စ်လိုတဲ့ ဟင်းတစ်မျိုးမျိုးသာ ချက်ရမယ်ဆိုရင်တော့ အဲဒါမျိုးကို ကွန်မအိမ်မှာပဲ ချက်လို့ရလိမ့်မယ်။ ဒါပေမယ့် ကြက်ဥလိပ်ထမင်းကတော့ ဘယ်မှာသွားလုပ်လုပ် ဆိုင်က လက်ရာနဲ့ တထေရာတည်း တူအောင် ကွန်မ ချက်နိုင်တယ်။ ပိုပြီး စားမြိန်သွားအောင် မုတ်ကောင်ပါတဲ့ မီဆိုစွပ်ပြုတ်ကိုပါ တွဲထည့်ပေးထားလိုက်တယ်။

ဒီလို ဟင်းလျာမျိုးက ကွန်မအတွက် မျက်စိစုံမှိတ်ပြီး ချက်နိုင်လောက်အောင် ရိုးရှင်းလွယ်ကူနေတယ် ဆိုပေမဲ့လည်း အီဝါကုရကတော့ အရသာ တွေ့လွန်းလို့ပါဆိုပြီး ကွန်မဆီက ကျန်တဲ့ ဟင်းတွေကိုတောင် တစ်စေ့မကျန် ပြောင်အောင်စားပစ်လိုက်တယ်။

ရေအိမ်ထဲကို အီဝါကုရဝင်သွားတဲ့ အချိန်တိုင်းမှာ ကွန်မ ရင်တထိတ်ထိတ်နဲ့ ဖြစ်ကျန်ရစ်ခဲ့တယ်။ အဲဒီလို အချိန်မျိုးမှာ သရဲက ဘွားခနဲ ပေါ်လာခဲ့ရင် ဘယ်လိုလုပ်ရမလဲနော်။ ဒါပေမဲ့ ကံကောင်းစွာနဲ့ပဲ အခန်းထဲမှာ ကွန်မ တစ်ယောက်တည်းရယ်။ ဘေးနားမှာတော့ အပူပေးမီးဖိုက မီးတောက်မီးလျှံလို ရဲမှည့်လို့။

ည ၈ နာရီရောက်တော့ ကွန်မတို့ အပူပေးစားပွဲအောက်မှာ ခြေထောက်သွင်းပြီး ရောက်တတ်ရာရာ လျှောက်ပြောနေကြပြန်တယ်။ တစ်ဖက်ကလည်း ကိတ်လိပ်ကို စားနေကြရင်းပေါ့။ ကိတ်လိပ်ရဲ့ အပြင်မျက်နှာပြင် ခပ်တင်းတင်းမှာ အချိုရည်အုပ်ထားပြီး အထဲမှာလည်း ခရင်မ်တွေကို ဖောဖောသီသီ ထည့်ပေးထားတယ်။

"ဘာဖြစ်လို့ ဒီမှာ ကိတ်လိပ်က အမြဲတမ်း ရှိနေရတာလဲ"

"ငါ့အမေ ပို့လာပေးတာလေ။ ဆန်အိတ်ရောပဲ"

"နင်တို့အိမ်ကတော့ ကိတ်လိပ်ကို ဘယ်တော့မှ မပြတ်မလပ်ရအောင် လုပ်ထားသလိုပဲ။ ငါ့အိမ်နဲ့ ဘာမှ မထူးဘူး။ တခြား အစားအစာတွေကသာ ခေတ်ကုန်လို့ ရိုးချင်ရိုးသွားလိမ့်မယ်။ ကိတ်လိပ်ကတော့ ဘယ်တော့မှ လူကြိုက်နည်းသွားမှာ မဟုတ်ဘူး"

"အနံ့အရသာနဲ့ အဆာပလာတွေကိုလည်း ရာသီအလိုက် အမျိုးမျိုး ပြောင်းလဲပြုပြင်လို့ ရသေးတာကိုး။ နောက်ပြီး ကိတ်လိပ်က အထားခံတယ်လေ။ ဒါကြောင့် သူများကို လက်ဆောင်ပေးလို့ ကောင်းတယ်။ ဂျပန်တွေကလည်း ကိတ်လိပ်ကို ကြိုက်နေကြသေးတာကိုး"

"ဒီနေ့ဟာက ဘာအရသာတွေ ထည့်ထားတာလဲ"

"လက်ဖက်၊ သစ်အယ်သီးနဲ့ လိမ္မော်"

"လိမ္မော်လား။ အဲဒါတော့ သိပ်မကြိုက်လှဘူး"

mgyoe.com

mgyoe.com
SAMPLE BOOK

အဲဒီလို သူနဲ့ တောင်စဉ်ရေမရ လျှောက်ပြောနေကြတုန်းမှာ ကျွန်မစိတ်ဟာ ပြောမပြတတ်အောင် ပေါ့ပါးလွတ်လပ်နေတယ်။ ကိုယ့်ဆွေမျိုးသားချင်း တစ်ယောက်ယောက်နဲ့ ပြောနေရသလိုမျိုးလည်း မဟုတ်ဘူး။ စိတ်ထဲမှာ ကြည်နူးနှစ်သက်နေတာမျိုးလည်း မဟုတ်ပြန်ဘူး။ ဘယ်လိုပြောရမလဲ။ အဆင်ပြေတဲ့ စကားလမ်းကြောင်းပေါ် ရောက်သွားရင် ထမင်းမေ့ဟင်းမေ့ ပြောနိုင်သွားတာမျိုးပဲ။ ဘာမှ မပြောဘဲလည်း အချိန်အကြာကြီး နှစ်ယောက်သား တိတ်ဆိတ်နေကြတာမျိုးလည်း ရှိတယ်။ တခြားယောက်ျားလေးတွေနဲ့ ဆက်ဆံရသလိုမျိုး လုံးဝ ဖြစ်မနေဘူး။ တခြားလူတွေနဲ့ဆိုရင် အလှပြင်ထားတာ ပျက်များပျက်သွားပြီလား။ ဆံပင်တွေက ပုံစံရော ကျနေသေးရဲ့လားလို့ တစ်ချိန်လုံး စိတ်တထင့်ထင့် ဖြစ်နေရတာ။

"ပြန်ဖို့ အချိန်တန်ပြီ ထင်တယ်" ကျွန်မ ပြောလိုက်တယ်။ "ဒါပေမဲ့ သရဲတွေကို မတွေ့ရတော့ စိတ်တောင်မကောင်းဘူး"

"သူတို့ကို တွေ့ချင်ရင် ဒီမှာ ညအိပ်လိုက်ပါလား"

ကျွန်မ အနည်းငယ် အံ့သြသွားတယ်။ အနည်းငယ်မျှပါပဲ။

"သရဲကိုတော့ တကူးတကကြီး တွေ့မနေချင်ပါဘူး။ ဒါပေမဲ့ ညအိပ်လိုက်ပါလား ဆိုတာက ဘာကို ဆိုလိုတာလဲ။ အဲဒါကိုတော့ တဆိတ်လောက် ရှင်းပြစမ်းပါဦး" ကျွန်မ ပြောလိုက်တယ်။

"အဲ... " အီဝါကုရက အလေးအနက် စဉ်းစားနေပြီးတော့ စကားစလာတယ်။ "ဘားဆိုင်လို နေရာမျိုးမှာ အလုပ်လုပ်နေရလို့ ထင်တယ်။ အဲဒီလို ကိစ္စမျိုးက ငါ့အတွက် ဘာမှ မထူးဆန်းတော့သလိုပဲ"

"နင့်ဟာက ဘာစကားလဲ" သူ့စကားကြောင့် ကျွန်မစိတ်ထဲ နည်းနည်းတင်းသွားတယ်။

"နင် အဲဒီလို အဓိပ္ပာယ်မျိုးနဲ့ ပြောတာ မဟုတ်ဘူးဆိုတာကို ငါ သိပါတယ်။ ဒါပေမယ့် တခြားနည်းနဲ့လည်း ပြောလို့ရသေးတာပဲ ဥစ္စာ။ ဥပမာ 'နင်က သိပ်လှတာပဲ' တို့၊ အဲဒီလိုမှ မဟုတ်ရင်လည်း 'နင့်ကို ငါ သဘောကျတယ်' တို့ - ပြောစရာတွေမှ အများကြီးပါဟာ"

"မဖြစ်မနေ ပြောရမယ် ဆိုရင်တော့ ငါ သိဖူးတဲ့ မိန်းကလေးတွေ အားလုံးထဲမှာ နင့်ရဲ့ ပုံပန်းသဏ္ဌာန်နဲ့ စိတ်ဓာတ်ကို သဘောအကျဆုံးပဲ" အီဝါကုရက ပြောလိုက်တယ်။

တကယ်လို့ သူ့ပါးစပ်ကသာ အဲဒီလိုစကားမျိုး ထွက်လာပြီ ဆိုရင်တော့

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒါ မှားစရာအကြောင်း မရှိတော့ဘူး ဆိုတာ သေချာပါတယ်။ အဲဒီလို တွေးလိုက်မိတော့ ကျွန်မရင်ထဲ ဆစ်ခနဲ နာကျင်သွားတယ်။

"ငါဆိုလိုချင်တာကဟာ...ငါတို့လို ရှယ်တူကောင်လေး၊ ကောင်မလေးတွေက ဘီယာ၊ အရက်သောက်ပြီး ဆိုင်ထဲက ပြန်ထွက်ကြရင် 'ငါ့အိမ်လိုက်ခဲ့ပါလား' ဆိုတဲ့ စကားမျိုးက သူတို့ရဲ့ နေ့စဉ်သုံး နှုတ်ဆက်စကားလို ဖြစ်နေကြတယ်။ ငါက ဘားဆိုင်မှာ အလုပ်လုပ်နေရတာဆိုတော့ အဲဒီလို စကားတွေကို နားရည်ဝနေပြီလေ။ မြင်နေကျ ကြားနေကျ ဖြစ်သွားတော့ ရင်ထဲက ခံစားချက်တွေလည်း ဘယ်နားရောက်သွားမှန်း မသိတော့ဘူး"

"ဒါတော့ ငါ နားလည်ပေးလို့ ရပါတယ်"

"ပြီးတော့ မိန်းကလေးတစ်ယောက်အနေနဲ့ တခြား ယောကျ်ားလေးတစ်ယောက်ရဲ့ အခန်းတစ်ခန်းထဲမှာ နှစ်ယောက်တည်း ရှိနေတဲ့ အခါမျိုးဆိုရင် နင်တို့က ဘာတွေဆက်ဖြစ်လာမလဲ ဆိုတာကို အရိပ်တကြည့်ကြည့်နဲ့ အကဲခတ်နေတတ်တာပဲ မဟုတ်လား။ ငါပဲ အတွေးချော်နေတာလားတော့ မသိဘူး"

"ဒါကတော့ သဘာဝပဲလေ"

"ဒါပေမဲ့ ငါတို့ ယောကျ်ားလေးတွေ အတွက်ကတော့ ငါတို့ရဲ့ မျက်စိထဲမှာ ဟိုအပေါက်ကလေးကိုပဲ မြင်နေတယ်။ အလှပြင်ထားတာ ဘယ်လောက်ပဲ လှလှ၊ ဘယ်လို အဝတ်အစားမျိုးကိုပဲ ဝတ်ထားဝတ်ထား၊ ဘယ်လောက် ရိုးရှင်းတဲ့ စကားတွေကိုပဲ ပြောပြော၊ ယောကျ်ားတွေရဲ့ စိတ်ထဲမှာ တစ်ခုပဲ တွေးနေတတ်တယ်။ အဲဒီလူရဲ့ ကိုယ်ပေါ်မှာ အပေါက်ကလေး တစ်ပေါက် ရှိတယ်။ စိုထန့်ထန့် အပေါက်ကလေး တစ်ပေါက်ရှိတယ်။ ငါတို့ ယောကျ်ားတွေ မြင်ကြတာက အဲဒါပဲ။ အဲဒီလို အတွေးမျိုးသာ ခေါင်းထဲဝင်လာပြီ ဆိုရင်တော့ တခြား ဘာမှ တိုးမပေါက်နိုင်တော့ဘူး"

"အင်"

"ဒါကြောင့် ငါ့ခေါင်းထဲမှာလည်း အဲဒီအပေါက်ကလေးက စိုးမိုးနေတယ်။ နင် ပြုံးနေတဲ့ အချိန်မှာပဲဖြစ်ဖြစ်၊ စကားပြောနေတဲ့ အချိန်မှာပဲဖြစ်ဖြစ်၊ နင့်ဆီမှာ အပေါက်ကလေး တစ်ပေါက် ရှိတယ်ဆိုတဲ့ အတွေးကိုပဲ ငါ အမြဲ တွေးနေမိတယ်"

"နင့်ဆီကနေ အဲဒီလိုစကားမျိုး ကြားရတာ ငါ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားတောင် မသိတော့ဘူး"

"အဲဒါလေး ရှိနေပါလားလို့ တွေးမိလိုက်တာနဲ့ ကျူးကျော်ချင်စိတ်တွေကလည်း ထိန်းမနိုင် သိမ်းမရတော့ဘူး။ ဒါပေမဲ့ ငါက ဂျပန်ကနေ မကြာခင် ထွက်ခွာ

mgyoe.com

mgyoe.com SAMPLE BOOK

သွားရတော့မှာ ဆိုတော့ ပူဆွေးသောကတွေကိုလည်း ချန်မထားခဲ့ချင်ဘူး"

"အင်း၊ ဘယ်လိုနည်းနဲ့မဆို ပူဆွေးသောကကတော့ ကျန်ရစ်ခဲ့မှာပဲလေ။ ငါတို့ အခုလို ခင်မြဲအတိုင်း ဆက်ခင်သွားရင်လည်း အဆုံးသတ်မှာ လွမ်းဆွေးရဦးမှာပဲ။ တကယ်လို့သာ ငါတို့ ဘောင်ကျော်လိုက်ရင် နင့်ကို ချစ်မိသွားနိုင်တယ်"

"ငါလည်း အဲဒီလို ထင်တာပဲ။ တစ်ခါလောက် ကျွံဝင်သွားတာနဲ့ ဘယ်လိုမှ ရုန်းထွက်နိုင်မှာ မဟုတ်တော့ဘူး"

"ကောင်းပြီလေ။ ငါတို့ စည်းတစ်ခုတော့ ခြားထားရအောင်။ ငါတို့ စိတ်ကျေနပ်မှု ရသလောက် လုပ်ကြတာပေ့ါ" ကျွန်မ ပြောလိုက်တယ်။ "အခုလို အခြေအနေမျိုးမှာ အနာဂတ်တွေ ဘာတွေကိုလည်း ထည့်မစဉ်းစားနိုင်တော့ဘူး။ အခုချိန်မှာ ငါက လူလွတ်တစ်ယောက် ဖြစ်နေတဲ့အပြင် ဟောဒီမှာလည်း အပေါက်တစ်ပေါက်က တကယ် ရှိနေတယ်"

"တကယ်ကြီး ရတာလား"

"အဲဒီလို မေးခွန်းမျိုး မမေးစမ်းနဲ့။ နင်က ငါ့အပေါ် ချည်း ပုံချဖို့ ကြိုးစားနေတာလား"

ကျွန်မကို သို့ကလို တစ်မူထူးခြားတဲ့ နည်းလမ်းမျိုးနဲ့ ကျူးသွင်းသွားတဲ့ သူ့ရဲ့ နည်းဗျူဟာကိုတော့ ကျွန်မ ဆလံသမိပါရဲ့။ တတ်လည်းတတ်နိုင်တဲ့ အီဝါကုရ ရယ်လို့ ကျွန်မ တွေးနေမိတယ်။

❑

ဒီလိုနဲ့ ကျွန်မ အီဝါကုရအိမ်မှာ ညအိပ်ဖြစ်ခဲ့တယ်။

သူ့ရဲ့မွေ့ရာက မာပြီး ပြားကပ်နေလိမ့်မယ်လို့ ထင်ထားခဲ့တာ။ ဒါပေမဲ့ သူက သူဌေးသားတစ်ယောက် မဟုတ်လား။ သူ့ရဲ့ ဗီရိုထဲမှာ အိုဟောင်းပေမဲ့ အင်မတန်မှ အမျိုးအစားကောင်းတဲ့ မွေ့ရာတစ်ခုနဲ့ သန့်ပြန့်နေတဲ့ အိပ်ရာခင်းတွေ ရှိနေတယ်။ မွေ့ရာကထူပြီး အိညက်နေရောပဲ။

အပြင်ဘက်မှာတော့ ဆောင်းလေအေးတွေ တဖြုန်းဖြုန်းနဲ့ တိုက်ခတ်နေလို့ ပြတင်းတံခါးတွေတောင် တဂျောင်းဂျောင်းနဲ့ တုန်ခါနေကြတယ်။

အဲဒီညက မှုန်ပျပျ အလင်းရောင်အောက်မှာ ကျွန်မတို့တစ်ကြိမ်တစ်ခါတည်း ချစ်တင်းနှောခဲ့ကြတယ်။ နှုတ်ကနေ စကားတွေ တစ်ခွန်းတစ်ပါဒမှတောင် ပြောမနေတော့ဘဲ ကျွန်မတို့ ကာမစည်းစိမ်ကို အပြည့်အဝ ခံစားခဲ့ကြတယ်။

ကျွန်မက တခြား ယောကျ်ားတစ်ယောက်နဲ့ပဲ အိပ်ခဲ့ဖူးတာပါ။ ဒါပေမဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီညက အီဝါကုရရဲ့ အပြုစုအယုယမှာ ကျွန်မ နစ်မြောသွားခဲ့တယ်။ သူက ကျွန်မရဲ့ ခန္ဓာကိုယ်ကို ဘယ်နေရာမှာ ဘယ်လို ထိတွေ့ကိုင်တွယ်ရမယ်ဆိုတာ ဂရုတစိုက် လေ့လာထားသလိုပဲ။ သူက တရှိန်ထိုးတက်နေတဲ့ သူ့ရဲ့ ခံစားချက်ကို ခဏမျှသိပ်ထားပြီး ကျွန်မကို ဦးစားပေးလို့ ချော့မြှူဆွဲခေါ်နေတယ်။ ဒီလိုနဲ့ ကျွန်မဟာ ပထမဆုံးအကြိမ်အဖြစ် တခြားလူတစ်ယောက်ရဲ့ မျက်စိအောက်မှာ အထွတ်အထိပ်ကို ရောက်ရှိသွားတယ်။ အဲဒီလို ဖြစ်သွားတာ သေချာပြီဆိုတော့မှ သူက ချိန်သားတကျ တစ်ခဏလောက် ရပ်တန့်လိုက်ပြီး ကျွန်မကိုယ်ထဲကို လျှိုဝင်လိုက်တော့တယ်။ အဲဒီ တဒင်္ဂအချိန်လေးက အင်မတန်မှကို ထူးခြားတဲ့ အခိုက်အတန့်ကလေးပါ။ ကာမဂုဏ်အတွေ့ရဲ့ အရသာကို အခုမှ ဦးဦးဖျားဖျား ခံစားဖူးကြတဲ့ အရိုင်းကလေးများလို နှစ်ယောက်စလုံးရဲ့ ရင်မှာ လှိုက်ဖိုတုန်ယင်နေကြတယ်။ ကျွန်မ ထင်တယ်။ ထူးခြားဆန်းကြယ်ပြီး ပြီးပြည့်စုံတဲ့ ကျွန်မတို့ရဲ့ပေါင်းစပ်မှု၊ ဘာသာစကားနဲ့ ခိုင်းနှိုင်းပြလို့ မရစကောင်းတဲ့ အထုံးအနှောင်ကို သက်သေပြချင်လို့သာလျှင် အခုလို ဆက်ဆံနေကြခြင်းဖြစ်တယ်။ ကျွန်မတို့အကြားမှာ ဘာနာကျည်းမှုမှ မရှိဘူး။ ဘာအထေ့အငေါ့မှမရှိဘူး။ နှစ်ကိုယ်ယှဉ်တွဲပြီး အနှိုင်းမဲ့တဲ့ ကျေနပ်မှုကို အတူတကွ ရယူခံစားကြတယ်။ အဆုံးအစမရှိအောင် ဆက်ပြီး ဆွဲဆန့်ထားလိုက်ချင်တဲ့ အခိုက်အတန့်မှာပဲ ရပ်တန့်ပစ်လိုက်မယ်။ ပြီးတော့ နောက်တစ်ခါ ပြန်စကြပြန်ရော။ အဲဒီလို ခံစားမှုမျိုးကို ကျွန်မ ပထမဆုံးအကြိမ်အဖြစ် နားလည်သဘောပေါက်လာခဲ့တယ်။

ကိစ္စပြီးသွားတဲ့ အခါမှာတော့ ကျွန်မတို့ ဂွမ်းကပ်အောက်ထဲမှာ ပူးကပ်ပြီး အိပ်လိုက်ကြတယ်။ နီးနီးကပ်ကပ်၊ နွေးနွေးထွေးထွေးပေါ့။

ကျွန်မတို့ အိပ်မပျော်ခင်လေးမှာ အီဝါကုရက ဒီလို ပြောလာတယ်။ "ငါ အမှန်တကယ် လိုချင်နေခဲ့တာ ဒါပဲလေ။ အတူတူ ပျော့ပေါ့စားကြရတာထက် အခုလို တစ်စုံတစ်ယောက်နဲ့ ဘေးချင်းကပ်ပြီး အိပ်နေရတာကို ပိုပြီး တမ်းတခဲ့တာ"

"ဒါကိုပဲ ဆယ်ကျော်သက် လူငယ်တွေရဲ့ ဒုက္ခလို့ခေါ် ရမလား မပြောတတ်ဘူးနော်" ကျွန်မ ပြောလိုက်တယ်။ "နင့်မှာ နင့်ကို ကြိုဆိုနေတဲ့၊ နင့်ကို ချစ်တဲ့ မိသားစုတစ်စု ရှိနေတယ်။ ဒါပေမဲ့ နင်က အထီးကျန်နေတုန်းပဲ" အဲဒီစကားလုံးတွေက ကျွန်မရဲ့ ကိုယ်ပိုင်ခံစားချက်တွေ ဆိုရင်လည်း မမှားပါဘူး။

ကျွန်မ နိုးလာတဲ့ အချိန်မှာ အီဝါကုရဟာ အိပ်ရာထ နောက်ကျနေတာကြောင့် အင်္ကျီလဲရင်း ကမန်းကတန်း သွားတိုက်နေလေရဲ့။ ပြီးတော့ "ငါ သွားနှင့်

mgyoe.com

mgyoe.com SAMPLE BOOK

ပြီနော်။ အခန်းတံခါးကို သော့ခတ်ပြီးရင် သော့ကို စာတိုက်ပုံးထဲမှာ ထည့်ခဲ့လိုက်" လို့ ပြောပြီး ဝုန်းဒိုင်းဝုန်းဒိုင်းနဲ့ အောက်ကို ပြေးဆင်းသွားတယ်။

ဒါပေမဲ့ အဲဒီလို ပြေးဆင်းမသွားခင်မှာ သူက ကျွန်မအနား ရောက်လာပြီး ကျွန်မကို နမ်းသွားသေးတယ်။ အဲဒီအချိန် ကျွန်မကတော့ ဂွမ်းကပ်အောက်မှာ ကိုယ်လုံးတီးနဲ့ ရှိနေတုန်းပဲ။ "နိုင်ငံခြား မထွက်ခင် ငါတို့ တွေ့ကြဦးမယ်လေ" လို့ လည်း ပြောသွားလိုက်သေးတယ်။

နွေးထွေးနူးညံ့တဲ့ဂွမ်းစောင်အောက်ထဲမှာ ကျွန်မရဲ့စိတ်ကလည်း ကြည်လင်အေးမြလို့။ နှင်းကျဖို့ တာစူနေတဲ့ မီးခိုးရောင်တိမ်လိပ်တွေကို ငေးကြည့်နေရင်းနဲ့ ကျွန်မ နောက်တစ်ကြိမ် အိပ်ပျော်သွားပြန်တယ်။

နောက်တစ်ခေါက် နိုးထလာတဲ့ အချိန်မှာ ကျွန်မရင်ထဲ အထီးကျန်မှုနဲ့ ဝမ်းနည်းမှုတွေ လှိုက်တက်လာကြတယ်။ ဒါပေမဲ့ အရမ်းလည်း ကျေနပ်နေမိပြန်တယ်။ အချိန်က နံနက် ၈ နာရီ ထိုးပြီးနေပြီ။

တကယ်လို့သာ အီဝါကုရရဲ့ ပိုင်နက်ထဲမှာ အခုလို ဆက်နေသွားမယ်ဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ် ပိုပိုပြီး ဝမ်းနည်းလာအောင် လုပ်သလို ဖြစ်နေတော့မှာပဲ။ ကျွန်မရဲ့ကိုယ်ပိုင်ကမ္ဘာလေးကို ပြန်သွားပြီး တစ်နေ့တာ လုပ်ငန်းစဉ်တွေကို စလုပ်မှ တော်တော့မယ်။

အခန်းထဲ နွေးနွေးထွေးထွေး ဖြစ်သွားအောင် အပူပေးမီးဖိုကို ကျွန်မ ဖွင့်လိုက်တယ်။ မီးဖိုထဲကနေ ထိုးတက်လာတဲ့ မီးညွန့်တွေကို ကျွန်မ ယောင်နနနဲ့ ငေးကြည့်နေတုန်းမှာပဲ မီးဖိုချောင်ထဲက လက်ဆေးကန်နားမှာ အရိပ်တစ်ခု လှုပ်ခနဲ ရွေ့လျားသွားတယ်လို့ ကျွန်မ ခံစားလိုက်ရတယ်။

"ဟုတ်တာပေါ့။ သရဲကိစ္စကို လုံးလုံး မေ့သွားခဲ့တာပဲ" ကျွန်မ တီးတိုး ရေရွတ်လိုက်မိတယ်။

အာရုံစိုက်ပြီး ကြည့်လိုက်တဲ့အခါ လက်ဆေးကန်နားမှာ အဘွားအိုတစ်ယောက်ရဲ့ ကျောပြင်ကို လှမ်းမြင်ရတယ်။ သူ့ရဲ့ ပုံရိပ်က လှုပ်လှုပ်လှုပ်လှုပ်နဲ့ လက်ဖက်ခြောက်ခတ်ဖို့ ရေနွေးအိုးတည်နေတာ ဖြစ်မယ်။ အဲဒီလို ပြောရတာကလည်း ရေနွေးခရားအိုးကြီး ရွေ့လျားနေတာကို မြင်လို့ရယ် မဟုတ်ဘူး။ ရေတွေ တပွက်ပွက် ဆူနေတာကို တွေ့လို့ရယ်ကြောင့်လည်း မဟုတ်ဘူး။ မထင့်တထင် ဖြစ်နေတဲ့ အဘွားအိုရဲ့ ပုံရိပ်က ငံလှုပ်တွေ လှုပ်ရှားသလို တအိအိနဲ့ ပြောင်းလဲနေတာကြောင့် တစ်ခုခု လုပ်နေတာပဲ ဖြစ်ရမယ်လို့ ယူဆလိုက်မိခြင်းပါ။ တစ်လှမ်းပြီး တစ်လှမ်း၊

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခုပြီး တစ်ခု၊ ဖြည်းဖြည်းချင်း ရွေ့လျားနေလိုက်တာ အသားကျနေတဲ့ လှုပ်ရှားမှု၊ အသားကျနေတဲ့ အစီအစဉ်နဲ့ အသားကျနေတဲ့ အလေးဂရု ရှိမှုတွေဟာ သူ့ရဲ့ စေ့စပ်သေချာမှုနဲ့ မေတ္တာတရားကို ဖော်ပြနေကြတယ်။ အဲဒီ အပြုအမူတွေဟာ ဆံခြည်တစ်မျှင်လေးတောင် မချွတ်ချော်သွားတာကို ကြည့်ခြင်းအားဖြင့် နွေးထွေးပြီး လူကို လွတ်လပ်ပေါ့ပါးသွားစေတဲ့ အဲဒီအပြုအမူတွေဟာ အဘွားအိုရဲ့အမေ၊ ဒါမှ မဟုတ် အဘွားအိုရဲ့ ဘွားအေဆီကနေ တိုက်ရိုက် အမွေဆက်ခံထားတာပဲ ဖြစ်ရမယ်။

ကျွန်မရဲ့အဘွားလည်း အခုလိုပဲ မီးဖိုချောင်ထဲမှာ တကုပ်ကုပ်နဲ့ အလုပ်လုပ်နေတတ်တာကို သတိရမိသွားတယ်။ ဒါနဲ့ ငယ်ဘဝကို ပြန်ရောက်သွားတယ်ဆိုတဲ့ စိတ်ခံစားချက်မျိုးနဲ့ အဘွားအိုကို ငေးကြည့်နေမိတယ်။ ကျွန်မ ငယ်ငယ်က အဖျားတက်လို့ အိပ်ရာပေါ် လှဲနေရပြီ ဆိုရင်လည်း အခုလိုပဲ အဘွားရဲ့ လှုပ်ရှားဟန်ကို ငေးကြည့်နေတတ်တယ်။ နောက်တော့ အဘွားအိုက ဆန်ပြုတ်တစ်ခွက်ကို ပြင်ဆင်လာပြီး ကျွန်မဆီ ယူလာပေးတော့မယ့်အလား ခံစားလာရတယ်။ ရင်ထဲမှာ ရင်းနှီးခင်မင်စိတ်နဲ့ ကြည်နူးဆွတ်နှင့်စိတ်တွေ လှိုက်ခနဲ လျှံတက်လာတယ်။ တစ်ချိန်တည်းမှာပဲ ရင်ထဲမှာ နွေးထွေးနေပြန်ရော။

မျက်နှာချင်းဆိုင်က အခန်းထဲမှာ အဘိုးအိုက ကိုယ်လက်လေ့ကျင့်ခန်း လုပ်နေတယ်။ သူက ဘောင်းဘီတို ဝတ်ထားတယ်။ ကွေးထားတဲ့ သူ့ရဲ့ခါးနဲ့ ခြေထောက်တွေကို ဖြည်းဖြည်းချင်း ဆန့်ထုတ်နေတယ်။ တစ်ဆင့်ချင်း တစ်ဆင့်ချင်းကို စိတ်ရှည်လက်ရှည်နဲ့ လုပ်နေလေရဲ့။ အခုလို လုပ်ခြင်းအားဖြင့် သူ့ခန္ဓာကိုယ်ဟာ ကျန်းမာသန်စွမ်းလာမှာပဲလို့ သူ အပြည့်အဝယုံကြည်နေမှာ အမှန်ပဲ။ မီးလင်းဖိုကြောင့် သူတို့ရဲ့ ကျဆုံးခန်းဖြစ်လာလိမ့်မယ်လို့ သူတို့ နည်းနည်းလေးမှ တွေးမိကြလိမ့်မယ် မထင်ဘူး။

သူတို့ လင်မယားနှစ်ယောက်က အင်မတန်မှ ရိုးရှင်းတဲ့ ဘဝတစ်ခုကို ဖြတ်သန်း ရှင်သန်နေကြတယ်။ သူတို့ရဲ့ အိမ်ငှားတွေကို နွေးနွေးထွေးထွေး နှုတ်ဆက်စကားပြောရင်း သူတို့ရစရာရှိတဲ့ အိမ်ငှားခတွေကို စာရင်းနဲ့ဇယားနဲ့ တိတိကျကျ မှတ်သားထားကြတယ်။ တစ်လမှာ တစ်ကြိမ်ဆိုသလို သတ်မှတ်ထားတဲ့ စားသောက်ဆိုင်မှာ မှာနေကျ အစားအစာကို အရသာခံပြီး စားသောက်တတ်ကြတယ်။ ဒါက လည်း သူတို့ရဲ့ ရိုးရှင်းတဲ့ ဂိမ်ခံနည်းတစ်မျိုးပဲ။

*ဘာဖြစ်လို့ သူတို့ကို နည်းနည်းလေးမှ ကြောက်မနေရတာလဲ။ တကယ်တော့ သူတို့က သေသွားကြတာ မဟုတ်ဘူး။ သူတို့ရဲ့ ဘဝကို သူတို့ရဲ့ စိတ်ကြိုက်မုဒ်စံနဲ့*

mgyoe.com

mgyoe.com SAMPLE BOOK
*ရှိုးရှိုးလေး ဆက်လက် ရှင်သန်နေကြတာပါ။*

ဂွမ်းကပ်အောက်မှာ ကွေးနေရင်း ကွန်မရဲ့အတွေးက အီဝါကုရဆီ ရောက်သွားတယ်။ ဒီအိမ်ကြီးထဲမှာ သူက သူတို့နဲ့ အေးအေးချမ်းချမ်း နေနေပြီး သူတို့ကို နည်းနည်းလေးမှ အနှောင့်အယှက်မပေးဘဲ သူတို့ရဲ့ လှုပ်ရှားမှုတွေကို ငေးကြည့်နေတတ်တယ်။ သူ့ရဲ့ကြင်နာတတ်တဲ့ နှလုံးသားနဲ့ ရိုးရိုးကုပ်ကုပ်နေတတ်တဲ့ စိတ်သဘောထားကို တွေးမိလိုက်တော့ ကွန်မရင်ထဲ သိမ့်ခနဲ ဖြစ်သွားခဲ့တယ်။ သူ့ကို တကယ်ပဲ ချစ်မိသွားပြီ ထင်ပါရဲ့။ ကွန်မ ခန္ဓာကိုယ်အနံ့အပြားမှာ အခုချိန်ထိ သူ့ရဲ့ အထိအတွေ့ကို ခံစားလို့ရနေတုန်းပဲ။ သူ့ရဲ့ လှုပ်ပုံက ပျော့တယ်၊ ရိုးသားတယ်၊ နောက်ပြီး နူးညံ့သိမ်မွေ့တယ် ဆိုပေမယ့် တကယ့် အားမာန်ပြည့်တဲ့ ယောကျာ်းကြီး တစ်ယောက်လို ကွန်မကို ထွေးပွေ့ထားနိုင်ခဲ့တယ်။

အဘွားအိုက မီးဖိုချောင်ထဲမှာပဲ တစ်ချိန်လုံး တကုပ်ကုပ်နဲ့ အလုပ်ရှုပ်နေတယ်။ အဘိုးအိုကတော့ သူ့လေ့ကျင့်ခန်းသူ လုပ်မြဲလုပ်ဆဲ။ သူတို့ကို မြင်ရတာ ကိုယ့်ရဲ့ သွေးသားအရင်းအချာတွေလို နွေးထွေးမှုရှိပြီး စိတ်ငြိမ်းချမ်းနေတယ်။ စားသောက်ဆိုင်မှာ သူတို့ကို မြင်ခဲ့ဖူးတဲ့ ပုံစံအတိုင်းပါပဲ။

သူတို့ကို အနှောင့်အယှက် မဖြစ်ရလေအောင် ဆိုပြီး ကွန်မလည်း အဝတ်အစားကို ညင်ညင်သာသာ ဝတ်စားပြီး အခန်းထဲကနေ ခြေသံလုံလုံ ထွက်ခွာလာခဲ့တယ်။

တံခါးအပြင်ဘက်ရောက်မှ အတွင်းဘက်ကို လှည့်ပြီး ကွန်မ သူတို့ကို နှုတ်ဆက်လိုက်တယ်။ "ကွန်မ ပြန်လိုက်ပါဦးမယ်နော်။ အခုလို စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဒါပေမဲ့ သူတို့ ကွန်မကို လှည့်မကြည့်ကြပါဘူး။ သူတို့ရဲ့ အေးဆေးတည်ငြိမ်တဲ့ ဘဝလေးထဲမှာပဲ ဆက်လက် စီးမျောနေကြတယ်။

❑

အီဝါကုရရဲ့အစီအစဉ်က နိုင်ငံခြားမထွက်ခင်အထိ သူသိထားတဲ့ ပြင်သစ်ကြီးတစ်ယောက်ဆီမှာ ပြင်သစ်စကားပြောသင်တန်းကို စျေးပေါပေါနဲ့ သင်ယူဖို့ပဲ။ နောက်ပြီး ပြင်သစ်စကားကို ကောင်းကောင်းပြောတတ်ပြီဆိုတာနဲ့ ပါရီမြို့စွန်မှာရှိတဲ့ မုန့်ဖုတ်သင်တန်းကျောင်းမှာ စာရင်းသွင်းမယ်။ ဒါကြောင့် သူဟာ နောက်ထပ်တစ်ကြိမ် ရက်ရက်စက်စက် အလုပ်ရှုပ်နေပြန်တယ်။ တက္ကသိုလ်မှာ ကွန်မတို့ မျက်နှာချင်းဆိုင်ဆုံမိကြပြီ ဆိုရင်တောင် သူက အဝေးကနေ ကွန်မကို လှမ်းပြီးလက်ပြရုံပဲ တတ်နိုင်

mgyoe.com

mgyyee.com SAMPLE BOOK


တယ်။ ဒီလိုနဲ့ပဲ ခွဲခွာရတော့မယ့်ရက်က တဖြည်းဖြည်း နီးသထက် နီးလာခဲ့ပြီ။

ကျွန်မကိုယ်တိုင်ကလည်း သူ့ကို တမင်သက်သက် ရှောင်ဖယ်ဖယ် လုပ်နေခဲ့မိတယ်လေ။ ကျွန်မတို့ရဲ့ အကြားမှာ စည်းတစ်ခု ခြားထားလိုက်ချင်တာလည်း ပါတာပေါ့။

သူ့ရဲ့ စကားတစ်ခွန်းကိုတော့ ကျွန်မ မမေ့နိုင်သေးဘူး။ "ငါတို့ ထပ်တွေ့ကြရအောင်" တဲ့။ အတိအကျ ပြောကြေးဆိုရင်တော့ "ငါတို့ ထပ်လုပ်ကြရအောင်" ဖြစ်လိမ့်မယ်ထင်တယ်။ အင်း… ကျွန်မလည်း တွေ့(လုပ်) ချင်ပါသေးတယ်။ သူလည်း ကျွန်မလိုနေမှာပါပဲ။

ဒါပေမဲ့ ကျွန်မဘက်ကတော့ သူ့ကို တကူးတက ဖုန်းဆက်တာတို့၊ စာတို ပို့တာတို့တော့ လုပ်မှာမဟုတ်ဘူး။

ကျွန်မရဲ့အယူအဆကို ပြောရမယ်ဆိုရင် အခါအခွင့် ဆိုတာမျိုးက သူ့ဟာသူ အလိုအလျောက် ပေါ်လာတာမျိုးပဲ ကောင်းတယ်။

ဒါနဲ့ပဲ သူ နိုင်ငံခြားထွက်ဖို့ နှစ်ပတ်အလို သောကြာနေ့ရဲ့ နံနက်ခင်းတစ်ခု ဘူတာရုံအရှေ့မှာ ကျွန်မတို့နှစ်ယောက် မျက်နှာချင်းဆိုင် ဆုံမိပါလေရော။ အဲဒီနေ့က မိုးကောင်းကင်ပေါ်မှာ မီးခိုးရောင်ဖဲကတ္တီပါကြီး ဖြန့်ကျက်ထားတဲ့အတိုင်း ညို့မှိုင်းအုံ့ဆိုင်းပြီး လေကလည်း အဆက်မပြတ် တိုက်ခတ်နေတယ်။

နှစ်ယောက်စလုံးက ကိုယ်ပေါ်မှာ အနွေးထည် ထူထူကြီးတွေ ဝတ်ထားကြတာ ဆိုတော့ ကျွန်မတို့ အတူတူ အလုပ်လုပ်ခဲ့ကြတဲ့ နွေရာသီကာလက အခုချိန်နဲ့ဆို အင်မတန်မှ ဝေးကွာနေသယောင် ထင်မှတ်နေရတယ်။

"ဒီနေ့ ငါ စကားပြောသင်တန်း မသွားတော့ဘူး။ အထုပ်အပိုးတွေ ပြင်ဆင်စရာ ရှိသေးတယ်"

အီဝါကုရရဲ့အကြည့်တွေက ချစ်သူရည်းစားကို ကြည့်တဲ့ ရွှန်းလဲ့လဲ့ အကြည့်မျိုးတွေ ဖြစ်နေတုန်းပဲ။ လက်ခနဲ လက်ခနဲ တောက်ပနေတတ်တဲ့ အကြည့်မျိုး။ ကျွန်မကို ရုတ်တရက် ပွေ့ဖက်လိုက်တော့မယ့်အလား ကြည့်နေတယ်။ ဒါပေမဲ့ အဲဒီအကြည့်တွေက ဝတ်မွတ်ဆာလောင်နေတဲ့ အကြည့်မျိုးတော့ မဟုတ်ဘူး။ သူ့ဘဝအတွက် အင်မတန်မှအရေးပါတဲ့ အရာတစ်ခုခုကို စိုက်ကြည့်နေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အကြည့်မျိုးပါ။

"ငါလည်း အလုပ်နားထားတယ်" ကျွန်မ ပြောလိုက်တယ်။ "ဒါပေမဲ့ ငါ အခု စာအုပ်ဆိုင်သွားမလားလို့"

mgyyee.com

mgyoe.com

ကျွန်မတို့စာအုပ်ဆိုင်ကို သွားကြပြီး အတူတူ နေ့လယ်စာစားလိုက်ကြတယ်။

"သူတို့ အိမ်ကြီးကို ဖျက်ကြတော့မယ်။ ငါ နိုင်ငံခြားထွက်တာနဲ့ ဖျက်ပစ်တော့မယ်တဲ့"

"ဒါဆို သူတို့နှစ်ယောက်က ဘယ်လိုလုပ်ကြမှာလဲ"

"နင် သူတို့ကို မြင်ဖူးတာလား"

"အင်း၊ သူတို့က သူတို့ရဲ့ဘဝကို ရိုးရိုးရှင်းရှင်း ဖြတ်သန်းနေကြတာလေ။ ငါ့ရဲ့ဆိုင်မှာ ပုံမှန် ထမင်းလာစားကြသလိုပါပဲ။ ငါ သူတို့ရဲ့ ရုပ်ပုံတွေကို မှတ်မိနေသေးတယ်။ အဘွားအိုက လက်ဖက်ရည်အိုး ပြင်နေတယ်။ အဘိုးအိုက ကိုယ်လက်လေ့ကျင့်ခန်း လုပ်နေတယ်"

"ဘယ်လိုလဲ။ ကြောက်စရာ မကောင်းဘူးမဟုတ်လား"

"ဟင့်အင်း။ ဘယ်လို ပြောရမလဲ။ စိတ်ထဲမှာ နွေးနွေးထွေးထွေးနဲ့ ကိုယ့်အိမ်ကိုယ် ပြန်ရောက်နေတဲ့ အတိုင်းပဲ"

"သူတို့အတွက် အမွှေးတိုင်လေး ဘာလေးနဲ့ ကန်တော့ဖို့လိုမယ် ထင်တယ်နော်"

"ဟုတ်တယ်။ ဒါမျိုးကိစ္စမှာ အကျွမ်းကျင်ကြီး မဟုတ်ပေမယ့် အမွှေးတိုင်လောက်နဲ့တော့ ကန်တော့သင့်တယ် ထင်တာပဲ"

ကျွန်မတို့နှစ်ယောက်က အိမ်ထောင်သက်ရင့်တဲ့ လင်မယားတွေအလား ဂန္ဓာမာပန်းဖြူဖြူတစ်ပွင့်နဲ့ အမွှေးတိုင်တချို့ ဝယ်လိုက်ကြတယ်။ နောက်ပြီး ကျွန်မခေါင်းထဲ အတွေးတစ်ခု ဝင်လာပြန်တယ်။

"သူတို့ကို ကြက်ဥလိပ်ထမင်းနဲ့ ဝက်ကာရီထမင်းနဲ့သာ ဆက်ပေးနိုင်ရင် ကောင်းမှာနော်။ သူတို့လည်း အရမ်း စားချင်နေရှာမှာပဲ"

အီဝါကုရက သဘောတူကြောင်း ပြောလာတာနဲ့ ကျွန်မတို့ စူပါမားကတ်သွားပြီး လိုအပ်တဲ့ ဟင်းသီးဟင်းရွက်တွေ ဝယ်လိုက်ကြတယ်။

ညနေရောက်တော့ လိုအပ်တဲ့ ပစ္စည်းအစုံအလင်ကို ကျွန်မတို့ ဝယ်ပြီးကြပြီ။ လက်ထဲမှာ အိတ်အဖြူတွေက တိုးလိုးတွဲလောင်းနဲ့။ ဝတ်ထားကြတာက ပေါ့ပေါ့ပါးပါးဆိုတော့ ပခုံးချင်းယှဉ်ပြီး လမ်းလျှောက်နေကြတဲ့ ကျွန်မတို့ နှစ်ယောက်ကို အများက ညားခါစလင်မယားလို့ ထင်နေကြမှာပဲ။ ဒါမှမဟုတ် ချစ်ရည်ရွှန်းနေတဲ့ အတူနေ ချစ်သူမောင်နှံတွေပေါ့။ ဒါပေမယ့် ကျွန်မတို့ နှစ်ယောက်စလုံးရဲ့ ရင်ထဲမှာတော့ နာကျင်မှုတွေနဲ့ပါ။ မကြာခင်မှာပဲ ခွဲခွာကြရတော့မှာလေ။

mgyoe.com

mgyoe.com SAMPLE BOOK

အခုချိန်မှာ ဘာပဲ လုပ်နေရ လုပ်နေရ ကြည်နူးနေတယ်။ ပျော်ရွှင်နေတယ်။ ဆို့နင့်မှုကလေးကတော့ နည်းနည်းစီ စွက်နေတာပါပဲ။

အီဝါကုရက သူ့အခန်းကို အားလုံးနီးပါး သိမ်းဆည်း ထုပ်ပိုးပြီးသွားပြီ။ သူက ကျွန်မကို ပြောပြတယ်။ ဟိုဘက်ရောက်ရင် သူက မိသားစုတစ်စုရဲ့ အိမ်မှာ အခန်းတစ်ခန်း ရမယ်။ အပြန်အလှန်အားဖြင့် သူက အဲဒီမိသားစုရဲ့ ကလေးတွေကို ထိန်းကျောင်းပေးရမယ်တဲ့။ သူ့အဖေက ကြိုတင်ပြီး အဆက်အသွယ် လုပ်ပေးထားတယ်။

"ဒီလိုဆိုတော့ သူက နင် သွားမှာကို သဘောတူလိုက်ပြီ ဆိုတဲ့သဘောလား"

"ဘိုးတော်က သဘောတူတယ်။ ဒါပေမဲ့ ငါ့အမေက အခုထိ ကန့်ကွက်နေတုန်းပဲ။ ငါ ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး ဆိုတာကို သူ သိနေပုံရတယ်။ ငါ မညာချင်ဘူးလေ။ ဒီတော့ ပြန်လာပါမယ်လို့လည်း သူတို့ကို ကတိမပေးချင်ဘူး။ ဟိုရောက်သွားရင် ငါ တတ်နိုင်တဲ့အချိန်မှာ ငါနဲ့ သင့်လျော်တဲ့ နေရာတစ်ခုကို ရှာတွေ့နိုင်မှာပါ"

သူ့ရဲ့ ရှေ့ရေးကို ပြောပြနေတဲ့ အချိန်မှာ သူ့မျက်နှာက ဝင်းပရွှန်းစိုနေတယ်။ တချိန်က တက္ကသိုလ်တက်ရင်း အလုပ်လုပ်ပြီး လမ်းပျောက်နေတဲ့ ယောင်နန လူငယ်တစ်ယောက်ရဲ့ မျက်နှာပေးနဲ့ နည်းနည်းမှ မတူတော့ဘူး။ ပြင်သစ်ပြည်မှာ သင်ယူရတဲ့ ပညာတွေက သူ့ကို ကောင်းကောင်းကြီး အထောက်အကူပြုနိုင်လိမ့်မယ် ဆိုတာကို သူ့မျက်လုံးတွေထဲမှာ ကျွန်မ တွေ့မြင်နေရတယ်။ ကျွန်မ သူ့အတွက် ဝမ်းသာနေမိတယ်။ မနာလိုလည်း မဖြစ်မိသလို နောင်တလည်း မရခဲ့ဘူး။ သူ့ကို အခုလို ပုံစံမျိုးနဲ့ တွေ့မြင်နေရတာကိုပဲ ကျွန်မ ပိုပြီး နှစ်သက်သဘောကျတယ်။ မျက်နှာဖြူဆုတ်ပြီး ပင်ပန်းနွမ်းနယ်နေတဲ့ အီဝါကုရကို ကျွန်မ မမြင်ရက်ဘူး။

သူ့အိမ်ခန်းထဲကို ကျွန်မတို့ ရောက်သွားပြီဆိုတာနဲ့ တစ်ပြိုင်နက် အီဝါကုရနဲ့ ကျွန်မတို့ဟာ ဂွမ်းစောင်အောက်ထဲ တန်းဝင်သွားပြီး 'ချစ်'ပစ်လိုက်ကြတယ်။ ပြီးတော့ ကိုယ်လုံးတီးနဲ့ပဲ ကျွန်မတို့နှစ်ယောက် ဟိုဟိုဒီဒီ လျှောက်ပြောနေကြသေးတယ်။ ကျွန်မတို့ရဲ့ မျှော်လင့်ချက်တွေ၊ စိုးရိမ်ကြောင့်ကြမှုတွေ၊ ကျွန်မတို့ရဲ့ မိသားစုတွေ၊ ကျွန်မတို့ရဲ့ အကြိုက်တွေ၊ ကျွန်မတို့ရဲ့ အနာဂတ် ရည်မှန်းချက်တွေ။

ဘယ်သို့ဆိုစေ ဆို့နင့်တဲ့ ခံစားချက်ကတော့ တဝဲလည်လည်နဲ့ တစ်ချိန်လုံး အနားမှာ ရစ်သီနေတယ်။ ကျွန်မတို့ ဘာတွေပဲလုပ်လုပ် မကြာခင် ခွဲခွာရတော့မယ် ဆိုတဲ့အသိက ရှေ့လျားနေတဲ့ မိနစ်စက္ကန့်တိုင်းမှာ ကျွန်မကို တောင့်တင်း အေးခဲစေ

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ တစ်ယောက်ကိုတစ်ယောက် ရယ်စရာတွေပြောပြီး တဟားဟားနဲ့ ရယ်မောလိုက်ကြပေမယ့် ရယ်သံတစ်ခုချင်းစီရဲ့ အဆုံးသတ်မှာ ဝမ်းနည်းမှုကလေးက တဒင်္ဂလောက်ဖြစ်ဖြစ် ကပ်ပါလာတတ်စမြဲပဲ။ ဒါပေမဲ့ အခုလို တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ် ရှိနေကြရတာကို ကျွန်မ နှစ်ခြိုက်သဘောကျတယ်။ ဒါကြောင့်လည်း ပစ္စုပ္ပန်တည့်တည့်မှာ နေနိုင်ဖို့ ကျွန်မ ကြိုးစားနေမိတယ်။

ညနေ မှောင်ရီပျိုးလာတော့ ကျွန်မတို့ ဗိုက်ဆာလာကြပြီ။ ထုပ်ပိုးပြီးသား ဂျက်ဖာတွေထဲက ဒယ်ပြားတစ်ချပ်၊ ဓားတစ်ချောင်းနဲ့ စဉ်းတီပြားတစ်ပြားကို မရအရဆွဲထုတ်ပြီး ဝက်ကာရီထမင်းနဲ့ ကြက်ဥလိပ်ထမင်းကို ချက်ပြုတ်ဖို့ စတင် ပြင်ဆင်ကြတယ်။

ခါတိုင်း အချိန်ကထက်ကို ပိုပြီး ကျွန်မ စိတ်ပါလက်ပါနဲ့ ဟင်းတွေကို ပြင်ဆင်ချက်ပြုတ်ခဲ့တယ်။ ဒီအဘိုးအို၊ အမယ်အို နှစ်ယောက်က ကျွန်မတို့ဆိုင်ရဲ့ အစားအစာတွေကို တကူးတက ရွေးချယ်ခဲ့ကြတာဆိုတော့ သူတို့ရဲ့ နောက်ဆုံးအချိန်လေးမှာ ဘဝရဲ့အရသာကို အကောင်းဆုံး ခံစားသွားကြစေချင်တယ်။ သူတို့နှစ်ယောက်ကို နှုတ်ဆက်ဖို့အတွက် ချက်ပြုတ်နေတာပါလားလို့ စဉ်းစားမိလိုက်တာနဲ့ ကျွန်မရဲ့ အာရုံတွေက ပိုမိုစူးရှလာပြီး စိတ်ဓာတ်ကလည်း ပိုမို လေးနက်တည်ကြည်လာတယ်။ သူတို့ နောက်နောင် ဘယ်တော့မှလာနိုင်ကြမှာ မဟုတ်တော့ဘူး။ သူတို့ကို ညှော်ခံချင်လို့တောင် ညှော်ခံနိုင်မှာလည်း မဟုတ်တော့ဘူး။ ဒါပေမဲ့ ဒီဟင်းလျာတွေထဲမှာ ရောသမမွှေထားတဲ့ ကျွန်မရဲ့စေတနာ၊ မေတ္တာတွေကို သူတို့ မြည်းစမ်းနိုင်ပါစေလို့ ကျွန်မ တောင့်တနေမိတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာအတွင်းမှာ ကျွန်မတို့ရဲ့ စားသောက်ဆိုင်ကို မပျက်မကွက် လာရောက် အားပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဘိုးဘိုးဘွားဘွားတို့ကို ကျွေးမွေးညှော်ခံခွင့်ရတဲ့အတွက် ကျွန်မ ဂုဏ်ယူနေမိပါတယ်။

ချက်ပြုတ်ထားတဲ့ ဟင်းအများစုကတော့ အီဝါကူရနဲ့ ကျွန်မအတွက်ပါပဲ။ ဒါပေမယ့် အဲဒီအထဲက အနည်းအကျဉ်းကို စက္ကူပန်းကန်ပြားထဲထည့်ပြီး အဲဒါတွေကို ပြတင်းပေါက် ကျဉ်းဘောင်ပေါ် တင်ထားလိုက်တယ်။ ဂန္ဓမာပန်းပွင့်ကို စက္ကူခွက်ထဲထည့်ပြီး ပန်းကန်ပြားတွေရဲ့ဘေးနားမှာ ချထားလိုက်တယ်။ အမွှေးတိုင်တချို့ထွန်းပြီး ကျွန်မတို့နှစ်ယောက် အတူတကွ လက်အုပ်ချီ ရှိခိုးလိုက်ကြတယ်။ ဒီအဆောက်အအုံကြီးကို ဖြိုချလိုက်တဲ့အခါ သူတို့ရဲ့ ဝိညာဉ်တွေဟာ တခြားတစ်နေရာမှာ စံစားနိုင်ပါစေလို့ ကျွန်မတို့ ဆုတောင်းပေးကြတယ်။ သူတို့အတွက် ဘီယာပုလင်းအသေးတစ်လုံး

mgyoe.com

mgyoe.com

လည်း ဆက်ခဲ့ပါသေးတယ်။

ကျွန်မ လုပ်နိုင်သမျှ အစွမ်းကုန် လုပ်ခဲ့ပြီးပြီလို့ ကျွန်မ ခံစားလိုက်ရတယ်။ စိတ်လက်လည်း ပေါ့ပါးသွားတာပေါ့။

ကိုယ့်အိမ်ကချက်တဲ့ ဟင်းလျာတွေကို နှစ်သက်သဘောကျတဲ့ လူတွေအပေါ် ထိုက်သင့်သလို ကျေးဇူးတုံ့ပြန်ရမှာကလည်း ကျွန်မရဲ့ လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်ဝတ္တရားတစ်ခုပဲ မဟုတ်လား။

ရှေ့တစ်ခေါက်ကလိုပဲ အီဝါကုရက ကျွန်မ ချက်ထားသမျှ ဟင်းတွေကို ခွေးလျက်စရာတောင် မကျန်အောင် အပြောင်အစင် စားပစ်လိုက်တယ်။ ရှယ်ပဲ၊ ရှယ်ပဲဆိုတာက ပါသေး။

ပြီးတော့ အနည်းငယ်ပိုပြီး တည်ငြိမ်အေးဆေးစွာနဲ့ ကျွန်မတို့ နောက်တစ်ကြိမ် 'ချစ်'လိုက်ကြပြန်တယ်။

"ပိုပိုပြီး ရင်းနှီးကျွမ်းဝင်လာခါမှ ခွဲခွာရတော့မယ်ဆိုတော့ ငါ့ရင်ထဲ မချိအောင် ခံစားနေရတယ်"

အီဝါကုရက ပြောလာတယ်။ ကျွန်မလည်း ထိုနည်းလည်းကောင်းပါပဲ။

သရဲတွေက ထပ်ပြီး ပေါ်မလာကြတော့ဘူး။ ကျွန်မအထင်တော့ အစားအသောက်တွေကို သူတို့ ကျေနပ်သဘောကျနိုင်ပါလိမ့်မယ်။

တကယ်လို့သာ ဒီမှာ ညအိပ်လိုက်မယ်ဆိုရင် ကျွန်မ ပိုပြီး ခံစားရတော့မှာ သေချာတယ်။ ဒါနဲ့ အိမ်ပြန်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ အီဝါကုရက ကျွန်မကို လိုက်ပို့တယ်။

ညဥ့်လမ်းမပေါ်မှာ ကျွန်မတို့ တစ်လှမ်းချင်း လျှောက်လှမ်းနေကြတယ်။ စိတ်ထဲမှာတော့ အတော်အတန် ပေါ့ပါးနေကြတာပေါ့။

"ငါ နင့်ဆီ အီးမေးလ် ရေးလာခဲ့မယ်"

"အင်း၊ ငါ အရမ်းပျော်တာပဲ။ ကျေးဇူးပဲဟာ"

ကျွန်မတို့နှစ်ယောက် အပြုံးကိုယ်စီနဲ့ ပွေ့ဖက်လိုက်ကြတယ်။ ကျွန်မတို့ရဲ့ ကိုယ်အနွေးဓာတ်တွေက ကုတ်အင်္ကျီတွေထဲ စိမ့်ဝင်သွားပြီး အထဲမှာ ပေါင်းဆုံသွားကြတယ်။ ကျွန်မတို့ရဲ့ ရင်တွေက နွေးထွေးလို့။

"ငါတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ဒီလောက်တောင် ချစ်နေပါလျက်နဲ့ မကြာခင်မှာ ခွဲခွာကြရတော့မယ်နော်"

ပြောပြီး ကျွန်မ ခေါင်းမော့ကြည့်လိုက်တော့ အီဝါကုရရဲ့ မျက်ဝန်းတစ်စုံမှာ

mgyoe.com

mgyoe.com SAMPLE BOOK

မျက်ရည်တွေနဲ့ ပြည့်လျှမ်းနေတယ်။

"ငါတို့ နှစ်ယောက်စလုံးက သိပ်ကို လိမ္မာလွန်းနေကြတယ်လေ။ မွေ့ရာပေါ်က ကိစ္စကို အပျော်သဘော သက်သက်ရယ်လို့ သဘောမထားနိုင်ကြဘူး"

"နင်က သားလိမ္မာလေးတစ်ယောက် မဖြစ်ချင်လို့ပဲ ဂျပန်ကနေ လစ်ထွက်သွားတာ မဟုတ်လား"

"အင်း၊ ဒါပေမဲ့ နင့်အရှေ့မှာတော့ အဲဒီလို နေလို့မရဘူး။ နင်က ငါ့ကို အူမချေးခါးမကျန် အကုန်လုံး မြင်နေတာလေ"

"တစ်ချိန်ချိန်တော့ ပြန်ပြီး ရေစက်ဆုံကောင်းပါရဲ့ဟာ"

အဲဒီလိုနဲ့ ကျွန်မတို့ လမ်းခွဲလိုက်ကြတယ်။

အီဝါကုရက သူ့လက်ကို မနားတမ်း ဝှေ့ယမ်းနေပြီး ကျောခိုင်းသွားတဲ့ ကျွန်မကို ညဥ့်ယံလမ်းမထက်ကနေ ငေးကြည့်ကျန်ရစ်ခဲ့တယ်။

❑

ကျွန်မတို့ နှစ်ယောက်စလုံးက တစ်ဖက်လူရဲ့ အနာဂတ်အရေးအတွက် တွေးပူပေးနေကြတယ် ထင်ပါရဲ့။ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် ဘယ်သူ့ဘယ်သူကမှ အဆက်အသွယ် မလုပ်ဖြစ်ကြဘူး။

အီဝါကုရဆီက အီးမေးလ်တစ်စောင်ပဲ ရဖူးခဲ့တယ်။ သူ့ရဲ့ လတ်တလော အခြေအနေကလွဲလို့ သူ ရေးထားတာက "ဒီမှာရှိတဲ့ စကီလေးတွေက ငါ့ကို ရှိတယ်လို့တောင် ထင်ကြတာ မဟုတ်ဘူးဟ" တဲ့။

အဲဒီ လေသံ၊ စကားကို ပေါ့ပေါ့ပါးပါး ပြောတတ်တဲ့ သူ့ရဲ့ ဟန်ပန်က အတိတ်ရဲ့ပုံရိပ်တွေ အားလုံးကို ပြန်လည် မြင်ယောင်လာစေတာကြောင့် ကျွန်မရဲ့ မျက်လုံးအိမ်ထဲ မျက်ရည်တွေ ရစ်ဝဲလာတယ်။

မတ်တတ်ရပ်ပြီး ဘယ်ဆီဘယ်ဝယ်မှန်းမသိ ငေးကြည့်နေတတ်တဲ့ အီဝါကုရရဲ့ပုံရိပ်၊ ကျွန်မတို့အတူ ကောင်းကင်ကြီးရဲ့ အရောင်ကို ငေးကြည့်နေခဲ့တာတွေ၊ လက်ဝါးနှစ်ဖက်ကို ထပ်ပြီး ပွတ်နေတတ်တဲ့ သူ့ရဲ့ အမူအကျင့်တွေ၊ စတဲ့ ပုံရိပ်တွေဟာ ကျွန်မ ခေါင်းထဲမှာ အလျှိုလျှို ပေါ်လာကြတယ်။

တကယ်လို့သာ တစ်စုံတစ်ရာ အပြောင်းအလဲ ရှိခဲ့မယ်ဆိုရင် ကျွန်မတို့ နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းက သေတစ်ပန်သက်တစ်ဆုံး မပျောက်မပျက် ခိုင်မြဲသွားနိုင်တယ်။ ဒါပေမဲ့ အခုကျတော့ ကျွန်မတို့ ဘယ်လိုမှ ပြန်မတွေ့နိုင်ကြတော့ဘူးလေ။ အဲဒီလို တွေးမိလိုက်တာနဲ့ မျက်ရည်တွေဟာ တားမနိုင်ဆီးမရ လိမ့်ကျလာ

mgyoe.com

mgyue.com

တော့တယ်။

တစ်ရက်မှာ သူ နေခဲ့ဖူးတဲ့ အိမ်အိုကြီးနားကို ကွန်မ ရောက်သွားတယ်။ အဲဒီအိမ်ကြီးက အစအနတောင် မကျန်တော့ဘဲ အဲဒီနေရာမှာ အင်မတန် ကြီးမားခန့်ညားတဲ့ အဆောက်အအုံကြီးတစ်လုံး အသစ်ဆောက်နေတာ တွေ့ခဲ့ရတယ်။ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ဘာတွေ ဖြစ်ပျက် ပြောင်းလဲနေသလဲ ဆိုတာကို လေ့လာမှတ်သားတာက ကွန်မရဲ့ လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုဆိုပေမဲ့ အဲဒီမြင်ကွင်းက ကွန်မရင်ကို တဆစ်ဆစ် နာကျင်စေခဲ့တယ်။ တစ်ချိန်က တောက်ပခဲ့ဖူးတဲ့ ကွန်မတို့နှစ်ယောက်ရဲ့ အချစ်မီးလျှံဟာ ဟိုအဘိုးအဘွား စုံတွဲနဲ့အတူ မြေကြီးအောက် အပြီးအပိုင် မြှုပ်နှံသင်္ဂြိုဟ်ခံလိုက်ရပြီလို့ ကွန်မ ခံစားလိုက်ရတယ်။

အရာအားလုံး ကောင်းရာမွန်ရာ ရောက်နိုင်ပါစေ။ ရင်ထဲကနေ ဆုမွန်ကောင်းတောင်းရင်း ကွန်မ ဆက်လျှောက်လာခဲ့တယ်။

နောက်တော့ အချိန်ကာလရဲ့ ရွေ့လျားမှုနဲ့အတူ အရာရာကို ကွန်မ မေ့လျော့သွားတယ်။

❑

ဒါပေမယ့် နောက် ၈ နှစ်အကြာမှာ ကွန်မတို့ လက်ထပ်ခဲ့ကြတယ်။ အဲဒါကို ရှေးရေစက်လို့ပဲ ဆိုရမလား။

❑

အီဝါကုရရဲ့ အကြောင်းကို အရင် ပြောကြရအောင်။ လွန်ခဲ့တဲ့ ရှစ်နှစ်လုံးလုံးမှာ သူက ပါရီမြို့စွန်က စားသောက်ဆိုင်တစ်ဆိုင်မှာ ကိတ်မုန့်ဖုတ်ဆရာတစ်ယောက် လုပ်နေခဲ့တယ်။ ကွန်မ ထင်ပါတယ်။ အဲဒီကာလအတွင်းမှာ သူလည်း အချစ်အမျိုးမျိုး၊ လောကဓံအဖုံဖုံကို ကြုံတွေ့ခဲ့မှာ အမှန်ပဲ။

ကွန်မကလည်း အဲဒီကြားကာလအတွင်းမှာ ချစ်သူတစ်ယောက်ကို ရှာတွေ့ခဲ့တယ်။ မိသားစုရဲ့လက်ငုတ်လက်ရင်းဖြစ်တဲ့ စားသောက်ဆိုင်လုပ်ငန်းကို ဥပေက္ခာပြုပြီး ရိုးရိုးအိမ်ရှင်မတစ်ယောက်ပဲ လုပ်တော့မယ်လို့တောင် စဉ်းစားခဲ့ဖူးတယ်။ ဒါပေမဲ့ နောက်ဆုံးကျတော့ လမ်းခွဲနှုတ်ဆက်ခြင်းနဲ့ပဲ အဆုံးသတ်ခဲ့ရတယ်။ ဒီတော့ ကိုယ့်ရဲ့မွေးရာပါ တာဝန်ကိုပဲ ဆက်လက်ထမ်းဆောင်ရတော့တာပေါ့။ တည်ငြိမ်အေးဆေးတဲ့၊ ကျွမ်းကျင်ပိုင်နိုင်တဲ့ ထောင်ကဲမတစ်ယောက် ဖြစ်ဖို့ဆိုတာ ကွန်မအတွက် အဝေးကြီး လိုသေးတာအမှန်ပဲ။ ဒါပေမဲ့ လုပ်ငန်းတာဝန်တွေကို ကွန်မနဲ့ ပစ်ထားခဲ့ပြီး ရေပူစခန်းကို ပျော်ပွဲစားထွက်ကြဖို့ အဖေနဲ့အမေကို အကြံပြုလိုက်တယ်။ သူတို့

mgyoe.com SAMPLE BOOK

မရှိတဲ့ တစ်ပတ်တာဆိုတဲ့ အချိန်အတွင်းမှာ စားသောက်ဆိုင်ကို ကျွန်မက အုပ်ချုပ်စီမံရတော့တာပေါ့။

အီဝါကုရရဲ့ အမေက နှလုံးရောဂါဖောက်လာလို့ အနိစ္စရောက်သွားတယ်။ အဲဒီနှစ် ၄ လပိုင်းကပေါ့။

ကျွန်မ နာရေးအခမ်းအနားကို မတက်လိုက်ရဘူး။ သူတို့သားနဲ့ အကြိမ်ကြိမ် အိပ်ခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့မြင်ရရင် သူတို့လည်း နေရထိုင်ရခက်မှာ အမှန်ပဲလို့ တွေးလိုက်မိတာကြောင့်ပါ။ ဒါပေမဲ့ ကျွန်မရဲ့ အတွင်းစိတ်ထဲမှာတော့ သူတို့နဲ့ ထပ်တူ စိတ်မကောင်းဖြစ်ခဲ့ရတယ်။ အီဝါကုရရော ပြန်လာမလား မသိဘူးလို့တောင် တွေးလိုက်မိသေးတယ်။ အချိန်တွေ ကုန်ဆုံးသွားတာနဲ့အမျှ သူ့အပေါ် ထားတဲ့ခံစားချက်ကလည်း ကျောင်းသူဘဝရဲ့ လွမ်းဆွတ်ဖွယ် အမှတ်တရတွေအဖြစ် လုံးလုံးလျားလျား ပြောင်းလဲသွားတယ်။ မှတ်ဉာဏ်တွေကလည်း ဝေဝါးသွားခဲ့ပြီဆိုတော့ သူ့ကို တွေ့ချင်တဲ့စိတ်ကလည်း ထူးထူးခြားခြား ဖြစ်ပေါ်မလာတော့ဘူး။

တခြား အကြောင်းအရင်းတစ်ခုလည်း ရှိနေပါသေးတယ်။ ကျွန်မတို့ဆိုင်ကို ပုံမှန်လာပြီး အားပေးနေတဲ့ ဖောက်သည်တွေထဲမှာ ကျွန်မကို စိတ်ဝင်စားနေကြတဲ့ လူတချို့ ရှိနေတယ်လေ။ မိဘတွေကလည်း ဒါကို သတိထားမိလေတော့ သူတို့က ကျွန်မကို ပွဲထုတ်ဖို့ ကြိုးစားလာကြတယ်။ ဒါနဲ့ပဲ ကျွန်မက တစ်ဆိုင်လုံးမှာ စိတ်ဝင်စားစရာ အကောင်းဆုံး၊ အထင်ပေါ်ဆုံး ပစ်မှတ်တစ်ခု ဖြစ်လာတော့တာပေါ့။ နောက်ပိုင်းကျတော့ တဖြည်းဖြည်းနဲ့ အဲဒီလူတွေထဲက တစ်ယောက်ကို ကျွန်မ စိတ်ဝင်စားလာခဲ့တယ်။

နောက်ပြီး အဲဒီလူက စားဖိုမှူးသင်တန်းတက်နေတာဆိုတော့ ကျွန်မတို့ လျှောက်လှမ်းရမယ့် ဘဝခရီးလမ်းတွေက တစ်ထပ်တည်း တူညီနေကြတယ်လေ။ သူက ခန္ဓာကိုယ် တောင့်တင်းခိုင်မာပြီး စွဲဆောင်မှု ရှိတယ်။ ကျွန်မ အဘိုးနဲ့တောင် နည်းနည်း တူသလိုပဲ။ အင်း ... ဒီလူနဲ့ အိမ်ထောင်ပြုရရင်လည်း မဆိုးပါဘူးပေါ့။ အဲဒီအချိန်တုန်းက ကျွန်မ အဲဒီလို တွေးခဲ့ဖူးတယ်။

❑

ဒါပေမဲ့ အဲဒီလိုအချိန်မှာပဲ ကျွန်မနဲ့ အီဝါကုရက အပြင်မှာ မတော်တဆ ပြန်ဆုံခဲ့ကြတယ်။ ကျွန်မတို့ နှစ်ယောက်စလုံးက မြို့ခံတွေဆိုတော့ အပြင်မှာ မတော်တဆ ဆုံတွေ့ကြတာ အထူးအဆန်းတော့ မဟုတ်ဘူးပေါ့လေ။ ဒါပေမဲ့ ကိုယ်စီကိုယ်ငှ တာဝန်အသီးသီးနဲ့ အလုပ်ရှုပ်နေကြတဲ့ လူနှစ်ယောက်က ရှားရှားပါးပါး

mgyoe.com

mgyoe.com SAMPLE BOOK

အားလပ်ချိန်ကလေးရလို့ တစ်နေရာမှာ အပန်းဖြေနေကာမှ ဘာဖြစ်လို့ အဲဒီအနား ယူတဲ့ နေရာမှာ တိုက်တိုက်ဆိုင်ဆိုင် လာဆုံကြရတာလဲ။

အဲဒီတုန်းက ကျွန်မဟာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ လက်ဖက်ရည် သောက်နေတဲ့ အချိန်ပေါ့။ သူ ဆိုင်ထဲကို လျှောက်ဝင်လာတယ်။

သူမှန်း သတိမထားမိခင် သူ့ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ အင်္ကျီရဲ့ ကြောင် ကြောင်ကြားကြား အရောင်တွေကို အရင်ဦးဆုံး သတိထားမိခဲ့တယ်။

မတော်တဆ ဆုံစည်းမိကြတဲ့အတွက် သူလည်း ကျွန်မလိုပဲ အံ့အားသင့်နေပုံ ရတယ်။ ဒါပေမဲ့ ကျွန်မက သူ့ကို လက်လှမ်းပြလိုက်တော့ သူ ကျွန်မအနား ရောက် လာပြီး ကျွန်မရဲ့အရှေ့မှာ ဝင်ထိုင်လိုက်တယ်။

နိုင်ငံခြားမှာ နှစ်တွေအကြာကြီး နေလာခဲ့တော့ သူ့ရဲ့ အသားအရေက အရင်နဲ့မတူ ပြောင်းလဲသွားတာကို ကျွန်မ သတိထားမိတယ်။ သူ့ရဲ့ ဉာလက်ကလည်း အဆက်မပြတ် ဂျုံနယ်နေရတာဆိုတော့ ပိုပြီး သန်မာလာတယ်။ သူ့ရဲ့ ပခုံးကြွက်သား တွေကလည်း အရင်ကထက် ပိုပြီး တောင့်တင်းကျစ်လာတယ်။ သူ့မျက်နှာက ဓားနဲ့ အလှီးချခံထားရသလို သိသိသာသာ ချောင်ကျသွားလေရဲ့။ သူ့အကြည့်တွေကတော့ အရင်ကအတိုင်း ကြင်နာရိပ်ကလေးနဲ့ နူးညံ့နေတုန်း။ ဒါပေမဲ့ ထူးခြားနေတာက လွတ်လပ်မှုနဲ့ အထီးကျန်မှု နှစ်ခုစလုံးကို ပိုင်ဆိုင်ထားတဲ့ ယောကျာ်းတစ်ယောက်ရဲ့ စူးရှထက်မြက်တဲ့ အကြည့်တွေနဲ့ ဖြစ်နေခဲ့ပြီ။

*သူ အဲဒီလို ဖြစ်ချင်ခဲ့တာပဲ မဟုတ်ဘူးလား။ နိုင်ငံခြားထွက်ပြီး အဲဒီလို မဖြစ်ဖြစ်အောင် သူကိုယ်တိုင် ကြိုးစားလုပ်ယူခဲ့တာပဲလေ။* ကျွန်မ အဲဒီလို တွေးနေ မိတယ်။ အခုတော့ ရည်မှန်းချက်ပြည့်ဝခဲ့တဲ့ အဲဒီလူက ကျွန်မရဲ့ အရှေ့မှာ ရောက်နေ ခဲ့ပြီ။ ကျွန်မမျက်စိနဲ့ တပ်အပ် မြင်နေရပြီ။ အရင်တုန်းကတော့ သူ ပြောသမျှကို ကျွန်မက နားရှိလို့သာ ကြားခဲ့ရတယ်။ သူ ဘာကို လိုချင်နေမှန်း၊ ရှာဖွေနေမှန်း ကျွန်မ နားမလည်နိုင်ခဲ့ဘူး။

သူ့မျက်နှာပေါ်ကနေ အရင်ကလို အပြုံးတစ်ပွင့် ခုန်ထွက်လာတယ်။

"မတွေ့ရတာ ကြာပြီနော်။ နင့်ကို ကြည့်ရတာ အများကြီး ရင့်ကျက်လာ သလိုပဲ" ကျွန်မက စကားစလိုက်တယ်။

"နင်လည်း ဘာထူးလို့လဲ" အီဝါကုရက ရယ်နေတယ်။

ဒီလက်ဖက်ရည်ဆိုင်က ဘူတာရုံထဲဝင်တဲ့ လမ်းမြောင်ကလေးရဲ့ ထိပ်မှာ ရှိတာ။ ကျွန်မတို့ထိုင်နေတဲ့ နေရာအနီးမှာရှိတဲ့ ပြတင်းပေါက်ကနေ နွေနေရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

လင်းရောင်ခြည်က အထဲကို အားပါးတရ ဖြာကျနေတယ်။ ဘူတာရုံထဲကနေ ထွက်လာကြတဲ့ လူတွေက အင်္ကျီလက်ပြတ်တွေနဲ့ ဆိုတော့ သူတို့ရဲ့ လက်မောင်းတွေက အလင်းရောင်ထဲမှာ ပြိုးပြိုးပြက်ပြက် တောက်ပနေကြတယ်။ လမ်းတစ်လျှောက်မှာ စိုက်ထားတဲ့ သစ်ပင်တွေရဲ့ အကိုင်းအခက်တွေကလည်း တိမ်တိုက်တွေနဲ့ ထိတွေ့နိုင်ဖို့ မိုးပေါ်ကို အလုအယက် ထောင်တက်နေကြတယ်။

"ကိတ်မုန့်ဆိုင်ကို ဦးစီးဖို့အတွက် ငါ ပြန်လာခဲ့တာ"

"ငါ ထင်သားပဲ"

သူ့အမေ ကွယ်လွန်သွားတော့ ဆိုင်မှာ သူ့အဖေတစ်ယောက်ပဲ ကျန်တော့တာလေ။ ဒီတော့ သူက သူ့အဖေကို ဘယ်လိုနည်းနဲ့မှ တစ်ယောက်တည်း ပစ်ထားမှာ မဟုတ်ဘူး။ အရင်ကတည်းက သူ အဲဒီလို လုပ်လိမ့်မယ်လို့တော့ ကျွန်မ တွေးထင်မိသား။

"နင့်အမေကို တွေ့လိုက်ရသေးတယ် မဟုတ်လား"

"အင်း၊ တွေ့လိုက်တယ်။ ပထမတစ်ကြိမ် ရောဂါဖောက်ပြီး ဆေးရုံတင်လိုက်ရကတည်းက သူနဲ့အတူ တစ်လလောက် ရှိနေခဲ့တာ။ နေ့တိုင်း သူ့အနားမှာပဲ ရှိနေခဲ့တယ်လေ။ ဆေးရုံက ဆင်းတော့ ရေပူစမ်းကို အတူ သွားလိုက်ကြသေးတယ်။ အိမ်က အလုပ်ကိစ္စကိုတော့ ငါက တစ်ခွန်းမှ မဟခဲ့ဘူး။ ဒါပေမဲ့ သူ့ရဲ့ နောက်ဆုံးအချိန်မှာ အခုလို ပျော်ပျော်ရွှင်ရွှင်နဲ့ အတူ နေခွင့်ရလိုက်တာကိုပဲ ငါ ကျေနပ်လှပါပြီ။ အကြောင်းကိစ္စတွေ အတော်များများကို ငါ အပြန်ပြန် အထပ်ထပ် ဝေဖန်သုံးသပ်ခဲ့တယ်။ လွယ်လွယ်နဲ့ ဆုံးဖြတ်နိုင်ခဲ့တာတော့ မဟုတ်ခဲ့ဘူးပေါ့ဟာ။ အခုချိန်မှာ ပြင်သစ်ကို ပြန်သွားနိုင်မယ့် အကြောင်းပြချက်ကလည်း မယ်မယ်ရရ မရှိတော့ဘူး မဟုတ်လား။ နောက်ပြီး ငါ အလုပ်လုပ်နေတဲ့ ဆိုင်ကလည်း ဆိုင်ကြီးဖြစ်အောင် ချဲ့ဖို့ စီစဉ်နေတာဆိုတော့ ငယ်ရွယ်တဲ့ လူသစ်တွေ အများကြီးကို အလုပ်ခန့်ထားတယ်။ သူတို့ အားလုံးကို ငါက ထရိန်နင်တစ်ခေါက် ပေးပြီးသွားပြီ ဆိုတော့ ငါ မရှိလည်း ဘာပြဿနာမှ မရှိနိုင်တော့ဘူး။ အခုချိန်က အပြောင်းအလဲလုပ်ဖို့ အချိန်ကောင်းတစ်ခုပဲလေ"

"နင့်အဖေရော နေကောင်းရဲ့လား"

"သူလည်း တော်တော် စိတ်ထိခိုက်သွားပုံ ရတယ်။ သူ့ပုံက တကယ့်ကို မကြည့်ရက်စရာပဲ"

"ဒါဆို နင်တို့ဆိုင်ကို ဘယ်လိုပုံစံမျိုးနဲ့ ဆက်လုပ်သွားဖို့ စိတ်ကူးထားလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

နင့်အဖေရဲ့ ကိတ်လိပ်ကိုပဲ ဆက်လုပ်မှာလား။ ဒါမှမဟုတ် အနောက်တိုင်းစတိုင်လား"

"ငါလည်း အဲဒီကိစ္စကို အသည်းအသန် စဉ်းစားခဲ့ဖူးတယ်။ အခုတော့ ငါ ဒီလို စိတ်ကူးထားတယ်ဟာ။ ငါတို့ဆိုင်က ကိတ်လိပ်ကြောင့် နာမည်ရနေတယ် ဆိုတာကို နင်လည်း သိပြီးသားပဲ။ ဒီလောက်တောင် နှစ်တွေအများကြီး ကြာအောင် ကိတ်လိပ်ကို အထူးစပယ်ရှယ်လုပ်ပြီး ရောင်းလာခဲ့တာဆိုတော့ ဖျက်ပစ်လိုက်ရ ရင်လည်း နှမြောစရာကြီး။ ဒီတော့ ကိတ်လိပ်ကို ခရစ်စမတ်ပွဲတော်နဲ့ အထူးအော်ဒါ တွေအတွက် ဆက်လုပ်မယ်လို့ ဆုံးဖြတ်ထားတယ်။ အခုချိန် သေသေချာချာ စဉ်းစား ကြည့်တော့ ငါ့ဘိုးတော်မှာ အတော်ထူးခြားတဲ့ ကိုယ်ပိုင်ဆန်းသစ်မှုနဲ့ နည်းပညာတွေ ရှိနေတယ်ဟ။ ငါ ဘယ်လောက်ပဲ ကြိုးစားပြီး သင်သင်၊ ဘိုးတော် ဖုတ်တာထက် ပိုပြီးကောင်းအောင် ဘယ်လိုမှ မလုပ်နိုင်သေးဘူး။ သူ ဖုတ်ထားတဲ့ ကိတ်လိပ်ကို မီအောင် မဖုတ်တတ်သေးဘူး"

"အဲဒီတော့ ဘယ်လိုလုပ်မလဲ"

"ကိစ္စမရှိပါဘူး။ စိတ်ရှည်ရှည်ထားပြီး လေ့ကျင့်သွားရုံပေါ့။ ငါ့ဘိုးတော်က တကယ့် ဆရာကြီးဟ။ ဖိုထဲကနေ ထွက်လာခါစ ကိတ်လိပ်က ကိုင်ကြည့်ရင် မပူဘူး။ ဒါပေမယ့် မွမွရွရွလေး။ နောက်ပြီး သူ အနှစ်မွှေတဲ့ ပုံစံက တစ်နေ့နဲ့တစ်နေ့ တူတာ မဟုတ်ဘူး။ အဆာပလာထည့်တဲ့ အချိုးအဆကလည်း ပုံသေ မရှိပြန်ဘူး။ သူ့ရဲ့ အချိုးအဆက ရာသီဥတုအပေါ် မူမတည်သလို အပူချိန်အပေါ် မှာလည်း မူမတည် ဘူး။ သူ့စကားအတိုင်း ပြောရရင်တော့ ဒီကိစ္စက ဘာသာစကားနဲ့ ရှင်းပြလို့ မဖြစ် နိုင်တော့ဘူးတဲ့။ ပြီးတော့ စားဆီလည်း အဲဒီအတိုင်းပဲ။ အနှစ်မွှေနေတဲ့အချိန်မှာ ဘယ်လောက် ပမာဏ ထည့်ရမယ်၊ ဘယ်လို အချိန်မျိုးမှာ ထည့်ရမယ်ဆိုတဲ့ အချက် တွေက အင်မတန်မှ ပညာသားပါတယ်။ အရင်တုန်းက ငါ ထင်တာပေါ့ဟာ။ ဘိုးတော်ရဲ့ အဲဒီအမြင်တွေက ကိတ်မုန့်ဖုတ်ပညာကို စနစ်တကျ မသင်ခဲ့ဖူးတဲ့ လူတွေရဲ့အကြောင်းပြချက် သက်သက်ပါပဲလို့၊ ဒါပေမဲ့ ငါ ပြင်သစ်မှာ ရောက်နေတုန်း သိလာရတာက သင်တန်းကျောင်းမှာ သင်ခဲ့ရတာထက် ဆိုင်တွေမှာ ကိုယ်တိုင် လက်တွေ့ ကိတ်မုန့်ဖုတ်လို့ နားလည်လာရတဲ့ ပညာက ပိုပြီး တန်ဖိုးရှိနေတယ်။ ဒီတော့ ငါ့ဘိုးတော် ပြောခဲ့ဖူးတဲ့ စကားတွေကိုလည်း အဲဒီအခါကျမှ ပြန်ပြီး ဆင်ခြင် စဉ်းစားမိလာတယ်။ ငါ့ရဲ့ ဘုရားပေးတာဝန်က ငါ့အဖေ တီထွင်ခဲ့တဲ့ ကိတ်လိပ်တွေကို မျိုးဆက်ပျက်မသွားအောင် ဆက်ပြီး ထိန်းသိမ်းသွားဖို့ ဖြစ်ချင်ဖြစ်နေမှာ။ ဘယ်သူ က အတိအကျ ပြောနိုင်ပါ့မလဲ။ မဟုတ်ဘူးလား။ ဒီတော့ သူ ဘာတွေကို ဘယ်လို

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်သလဲဆိုတာ ငါ နားလည်အောင်ကြိုးစားပြီး ငါ့ကိုယ်ပိုင်ဖြစ်အောင် လုပ်ချင်လာတယ်။ ဒါပေမဲ့ ငါ တခြားကိတ်မုန့်တွေကိုလည်း ဖုတ်ဦးမှာပါ။ ငါ သင်ထားခဲ့ဖူးတဲ့ နည်းပညာအသစ်တွေ သူ့ကို ပြတဲ့အခါမှာ သူလည်း သဘောတွေကျလို့။ ငါတို့နှစ်ယောက် ပေါင်းလိုက်ရင် ကိတ်မုန့်အသစ်တွေတောင် ထွက်ချင် ထွက်လာနိုင်တယ်။ အဲဒီလိုမှလည်း ငါ့အဖေရဲ့ ရင်ထဲ မျှော်လင့်ချက် ရောင်ခြည်အသစ်တွေ ထွက်ပေါ်လာနိုင်မှာလေ"

"နင့်အမေ မရှိတော့ ဆိုင်ထဲမှာ ကမောက်ကမတွေ ဖြစ်ကုန်မယ်ထင်တယ်"

"အင်း၊ ဖြစ်ကုန်တာပေါ့။ လူတွေက အမေ့ဆီကနေ ကိတ်မုန့်ဝယ်ချင်ကြတာလေ။ အခုတော့ ငါတို့ နှစ်ယောက်ပဲ ကျန်တော့တာဆိုတော့ အပြောင်းအလဲတချို့တော့ လုပ်ရလိမ့်မယ် ထင်တယ်။ ဆိုင်ထဲမှာ ယောကျ်ားသားနှစ်ယောက်ပဲ ကျန်တော့တာ မဟုတ်လား။ ဒီတော့ ဆိုင်အပြင်အဆင်ကအစ ကျားကျားယားယား ဖြစ်အောင် အနည်းအကျဉ်း ပြန်ပြင်ရတော့မှာပေါ့။ ဖောက်သည်တွေ အရင်အတိုင်း လက်သင့်ခံနိုင်အောင်လို့ အချိန်တော့ ယူရဦးမှာပဲ။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါလေ။ ငါတို့ ဘယ်လောက်ပဲ ကြိုးစားကြိုးစား၊ အမေ ရှိနေတုန်းက အတိုင်းတော့ ပြန်ရဖို့ မလွယ်တော့ဘူး။ သူက ညှော်ခံတဲ့နေရာမှာ ဆရာကျတယ်။ ငါ ဟိုဘက်မှာ နေပြီးတော့လည်း ပညာတွေ အများကြီးရခဲ့တယ်။ လူကြီးမိဘတွေကို ဘယ်လို လေးစားရမယ်။ ကိုယ့်ရဲ့ ရိုးရာဓလေ့ကို ဘယ်လို တန်ဖိုးထားရမယ် ဆိုတာတွေကို နားလည်လာတယ်။ ပြီးတော့ လူမှုဆက်ဆံရေးနဲ့ ပတ်သက်ပြီးတော့လည်း နားလည်လာတာ မနည်းဘူးပဲ။ အဲဒါထက် ဘိုးတော်အပေါ် မှာလည်း လုံးဝ မှီခိုနေစရာ မလိုတော့ဘူး။ တကယ့်ကို ကိုယ့်လက်ကိုယ်ခြေနဲ့ ရှင်သန်နိုင်နေပြီ။ အခု ပြင်သစ်အစားအစာ တချို့ကိုတောင် ချက်တတ်နေပြီဟ"

"ဟဲ့ အီဝါကုရ... ပြင်သစ်စားသောက်ဆိုင်ဖွင့်ဖို့တော့ စိတ်ကူး မရှိပါဘူးနော်။ တော်ကြာ ငါတို့နှစ်ယောက် ပြိုင်ဘက်တွေ ဖြစ်နေကြပါဦးမယ်။ အစကတည်းကမှ စီးပွားရေးမတည်ငြိမ်လို့ ဆိုင်က ဖုတ်လိုက်ဖုတ်လိုက်ရယ်"

"လုပ်ပါ့မလားဟာ။ ဒါနဲ့ နင့်အလုပ်ကရော အဆင်ပြေရဲ့လား"

"ငါ့ဆိုင်လား။ ဆိုင်ရဲ့ ဖောက်သည်ဟောင်းကြီးတွေကတော့ အတော်ချေးများကြတာပဲ။ တစ်ခါတလေကျတော့ ဆိုင်ထဲမှာ ငါ တစ်ယောက်တည်း ရှိနေတတ်တယ်လေ။ အဲဒီလို အချိန်မျိုးဆိုရင် သူတို့ မျက်နှာတွေက အတော်ကို သည်းခံနေရတဲ့ မျက်နှာပေါက်တွေနဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

"စိတ်မပူစမ်းပါနဲ့ဟာ။ နင်ချက်တဲ့ ဟင်းက စားလို့ကောင်းနေတာပဲဥစ္စာ"

အခုဆို ကျွန်မတို့ရဲ့ စကားလုံးတွေက ပိုပို ရင်းနှီးကျွမ်းဝင်လာကြပြီ။ ရင်ထဲမှာကတော့ မချိုမချဉ်နဲ့။

အမှန်တကယ် အံ့ဩစရာကောင်းတဲ့ အချက်ကတော့ အချိန်ကာလရဲ့ ရွေ့လျားမှုပဲ။

ပြောင်းပြန် ပြန်သွားနေတာလည်း မဟုတ်ဘူး။ ရပ်တန့်သွားတာလည်း မဟုတ်ပြန်ဘူး။

အချိန်ဟာ စီးမျောနေရင်းကနေ အနည်းငယ် ပွင့်အာလာတယ်။ ပြီးတော့ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာတယ်။ အချိန်က ကျွန်မတို့ နှစ်ယောက်စလုံးကို လင်းရောင်ခြည်ထဲမှာ ထွေးပွေ့ထားတယ်။ ကျွန်မတို့ ရှိနေတဲ့ နေရာက ကောင်းကင်ဘုံအထိ ရောက်အောင် ဆန့်ထွက်သွားပြီး အချိန်ကလည်း အဆုံးအစမဲ့ ပျံ့နှံ့သွားတယ်။

အဲဒါ ကျွန်မတစ်ယောက်တည်းရဲ့ တစ်ကိုယ်စာ ခံစားချက်လို့ပဲ ကျွန်မက ထင်နေခဲ့တာ။ နောက်ပိုင်းကျမှ အီဝါကုရကို မေးကြည့်တော့ သူလည်း ကျွန်မလို ထပ်တူ ခံစားနေခဲ့ရတယ်တဲ့။

အဲဒီအချိန်တုန်းက ကျွန်မတို့ နှစ်ယောက်ရဲ့အကြားမှာ ရာဂရမ္မက်ဆိုတဲ့ အရာမျိုးက စိုးစဉ်းမှ ရှိမနေခဲ့ဘူး။

အလင်းရောင် ဖြန့်ကျက်ထားတဲ့ ပြတင်းပေါက်နံဘေးမှာ ထိုင်ရင်း လက်ဖက်ရည်သောက်နေကြတဲ့ ကျွန်မတို့ရဲ့ကိုယ်ပေါ်မှာ နူးညံ့နွေးထွေးတဲ့ ငွေမျှင် လင်းရောင်ခြည်တွေက လွှမ်းခြုံထားကြတယ်။ အဲဒါ ကျွန်မတို့ အစဉ်ထာဝရ တောင့်တမျှော်လင့်ခဲ့ကြတဲ့ အလင်းရောင်ပဲ။ မွတ်သိပ်ခြောက်သွေ့နေတဲ့ ကျွန်မတို့ကို တံခါးခေါက်နေကြတယ်။ ဟုတ်တယ်။ ဒါပဲ။ ကျွန်မတို့ လိုအပ်နေတဲ့အရာက အဲဒါပဲ။

အဲဒီတုန်းက ဖြစ်ပေါ်နေတဲ့ ခံစားချက်ကို ဝေါဟာရတစ်လုံးနဲ့ ပုံဖော်ကြည့်ရမယ်ဆိုရင် 'ကြည်နူးခြင်း' ဆိုတဲ့ စကားလုံးနဲ့ အနီးစပ်ဆုံး ဖော်ပြလို့ ရမယ်ထင်တယ်။

နှစ်ပေါင်းများစွာ အတွင်းမှာ ကျွန်မတို့နှစ်ယောက်ဟာ အမျိုးမျိုး အထွေထွေသော အရာဝတ္ထုတွေကို စဉ်ဆက်မပြတ် ရှာဖွေခဲ့ကြဖူးတယ်။ အဲဒီ တဒင်္ဂလေးမှာ ဖြစ်ပေါ်လာတဲ့ ခံစားချက်ကတော့ 'ငါတို့ ရှာနေကြတာ လက်စသတ်တော့ ဒါကိုး' ဆိုတဲ့ ခံစားချက်မျိုးပဲ။

အရင်တုန်းက ကျွန်မတို့ဟာ ငယ်ရွယ်နုနယ်ကြတုန်း အရွယ်ဆိုတော့

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မတို့ နှစ်ယောက်ကို ဆက်သွယ်ယှက်နွယ်ထားတဲ့ အရာဟာ လိင်ကိစ္စပဲလို့ မှတ်ထင်ထားခဲ့တယ်။ တကယ်တော့ အဲဒီလို မဟုတ်ခဲ့ဘူး။ အခုမှ ကျွန်မ သဘော ပေါက်လာတယ်။ အခုလိုသာ စိတ်လက်ပေါ့ပါးစွာ စကားပြောခွင့်ရနေမယ်ဆိုရင် ဘာသာစကားနဲ့ ဖော်ပြလို့မရနိုင်တဲ့ ဘဝစွမ်းအားတစ်ခုဟာ ကိုယ်ခန္ဓာရဲ့ အနက်ရှိုင်း ဆုံးတစ်နေရာကနေ စိမ့်ထွက်လာတယ်။ ဟုတ်တယ်။ ကျွန်မ အဲဒါကို သတိထားမိ နေတယ်။ ဒီအတိုင်း ဖြစ်သင့်တယ်လို့လည်း ကျွန်မ နားလည်နေမိတယ်။

အဲဒီ ခံစားချက်က တဖြည်းဖြည်းနဲ့ ယုံကြည်မှုအဆင့်ကို ကူးပြောင်းသွား တယ်။ တကယ်တော့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ပြုးပြခွင့်ရရုံနဲ့ တင်ကိုပဲ ပြီးပြည့်စုံနေပြီ။ အဲဒီ တဒင်္ဂလေးက ထာဝရတည်မြဲနေတယ်လို့ ကျွန်မတို့ နှစ်ယောက်စလုံး ခံစားနေမိကြတယ်။ *ဟိုးအရင်နှစ်တွေလတွေ ဒီလောက် အကြာကြီး အတွင်းမှာ တစ်ခုခု လစ်ဟာနေတယ်၊ တစ်ခုခု ပျောက်ဆုံးနေတယ်လို့ အစဉ်အမြဲ ခံစားနေခဲ့ရတယ်။ လက်စသတ်တော့ ဒါကြောင့်ကိုး။ နှလုံးသားရဲ့ တစ်နေရာရာကနေ ဒီအချက်ကို သိကောင်း သိနေတာမှန်ပေမယ့် ဒီအချက်ကို အဓိကလက်သည်ရယ်လို့ မစဉ်းစားမိခဲ့ဘူး။ ကျွန်မတို့ ကာလကြာရှည် အထီးကျန် အဖော်မဲ့နေကြရတဲ့ အဓိက တရားခံကသူပဲ။ ကျွန်မတို့ရဲ့ ဘဝက သိပ်ကို အထီးကျန်လွန်းနေတော့ ဒါကို စဉ်းစား နိုင်ဖို့တောင် ခွန်အားမရှိခဲ့ကြဘူး။* ကျွန်မရဲ့ စိတ်ဝိညာဉ်က ကျွန်မကို အဲဒီလို ပြောနေတယ်။

ကျွန်မတို့ရဲ့ ကိုယ်တွင်းကနေ ထွက်ပေါ်လာတဲ့ ကြည်လင်ရှင်းပြတ်တဲ့ အလင်းရောင်နဲ့ ကျွန်မတို့အနားမှာ ဖြာကျနေတဲ့ အလင်းရောင်နှစ်ခုဟာ အတူတကွ ပေါင်းစည်းသွားကြပြီး အနာဂတ်လမ်းကြောင်းတစ်ခုကို ထွန်းလင်းပေးနေကြတယ်။

❑

ဆက်သွယ်လို့ရမယ့်လိပ်စာတွေကို အပြန်အလှန် ဖလှယ်ကြပြီးတဲ့နောက် တစ်ပတ်အကြာမှာ အီဝါကုရဆီက ဖုန်းဝင်လာပြီး အခုလို ပြောလာတယ်။ "တကယ် လို့သာ နင့်မှာ အိမ်ထောင်ဖက် မရှိသေးဘူးဆိုရင် ငါတို့ လက်ထပ်ကြရအောင်လား"

ကျွန်မလည်း သူ့လို တွေးနေခဲ့တာကြာပေါ့။ ဒါနဲ့ ချက်ချင်းပဲ ကျွန်မသဘော တူလိုက်တယ်။ "အခုချိန် ငါ့မှာ ဘာအနှောင်အဖွဲ့မှ မရှိသေးဘူးလေ။ နောက်ပြီး အပေါက်ကလေးတစ်ပေါက်လည်း ရှိနေသေးတယ်"

တယ်လီဖုန်းရဲ့ ဟိုဘက်တစ်ခြမ်းကနေ အီဝါကုရရဲ့ ဝါးလုံးကွဲ ရယ်သံတစ်သံ ထွက်ပေါ်လာတယ်။

mgyoe.com

mgyue.com SAMPLE BOOK

ကျွန်မတို့ရဲ့ မိသားစုပိုင်လုပ်ငန်းတွေကို အရင်ကအတိုင်း ဆက်ပြီး လုပ်မြဲလုပ်နေကြမယ်ဆိုတဲ့ သဘောတူညီချက်နဲ့ ကျွန်မတို့ရဲ့ မင်္ဂလာဆည်ခံပွဲကို အချိန်ဆွဲမနေတော့ဘဲ အလျင်အမြန်ပဲ စီစဉ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အစပိုင်းမှာတော့ မိဘတွေက ထိတ်ထိတ်ပျာပျာနဲ့ အင်တင်တင်လုပ်နေကြသေးတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ သူတို့ရဲ့ အယူအဆတွေကို ပြောင်းလဲပစ်လိုက်ကြပြီး ကျွန်မတို့ကို အပြည့်အဝ ထောက်ခံအားပေးလာကြတယ်။

ထူးခြားတဲ့ ပြောင်းလဲမှုတစ်ခုကတော့ ကျွမ်းကျင် စားဖိုမှူးတစ်ယောက် (အရင်တုန်းက ကျွန်မ ကြိုက်ခဲ့ဖူးတဲ့ တစ်ယောက်တော့ မဟုတ်ဘူးပေါ့) ကို ကျွန်မ ငှားရမ်းလိုက်ခြင်းပဲ။ သူ့ကို ကျွန်မရဲ့ လက်ထောက်အဖြစ် ခန့်အပ်ထားတော့ အခုမှ ထောင်ကဲတစ်ယောက်နဲ့ နည်းနည်း ပိုတူလာတယ်။ ဒါမှလည်း ကိုယ့်မိသားစုကို ပြုစုစောင့်ရှောက်ဖို့ အချိန်ပေးနိုင်မှာ မဟုတ်လား။ နောက်ပြီး ကျွန်မရဲ့ စားသောက်ဆိုင်မှာလည်း ကိတ်လိပ်ကို မှာစားလို့ ရနေပြီလေ။

နံရံပေါ်က ဟင်းလျာစာရင်းထဲမှာ 'ကိတ်လိပ်ယန်း ၆၀၀' ဆိုပြီး ကျွန်မကိုယ်တိုင် ဂရုတစိုက် ရေးထည့်လိုက်တယ်။ ပြီးတော့ ကျွန်မကိုယ်တိုင်လုပ်ထားတဲ့ အချိုတည် ပန်းကန်ပြားနဲ့ တစ်ပွဲကို ကိတ်လိပ်နှစ်ချပ် ပြင်ပေးလေ့ ရှိတယ်။

ကျွန်မရဲ့ ရှည်လျားထွေပြားတဲ့ ဘဝတစ်လျှောက်လုံးမှာ အလိုမကျ၊ စိတ်ပျက်စရာကောင်းတဲ့ အကြောင်းကိစ္စတွေကို အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရဖူးတယ်ဆိုပေမယ့်လည်း တဖြည်းဖြည်းနဲ့တော့ အဲဒီအရာတွေကို လက်ခံနိုင်လာခဲ့ပြီ။ ဒါက ကိုယ့်ဘဝကိုယ် အရှိအတိုင်း လက်ခံနိုင်အောင် ကြိုးစားနေရခြင်း တစ်မျိုးပါပဲ။ တစ်နည်းပြောရရင် ကိုယ်ကိုယ်တိုင် ဖြတ်သန်းလျှောက်လှမ်းလာခဲ့တဲ့ ဘဝကို ကျေနပ်လက်ခံခြင်းက ကိုယ့်ကိုယ်ကိုယ် လက်ခံလိုက်ခြင်းပဲ မဟုတ်လား။

အဲဒီလို လုပ်နိုင်သွားတဲ့အခါမှာတော့ ဘဝဟာ ကျွန်မအရင်က ထင်ထားခဲ့သလို တစ်စက်ကလေးမှ ပျင်းစရာ၊ ငြီးငွေ့စရာ ကောင်းမနေတော့ဘူး။

❑

"မင်္ဂလာ ညည်ခံပွဲနေ့ကျရင် ဟိုအဘိုးကြီး၊ အဘွားကြီးနှစ်ယောက်ကို ငါဖိတ်ချင်လိုက်တာ"

အီဝါကုရရဲ့စကား ဆုံးဆုံးချင်းမှာပဲ ကျွန်မ ချက်ချင်း ခေါင်းညိတ်လိုက်မိတယ်။ သူ ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောနေသလဲဆိုတာကို ကျွန်မ သိနေတာကိုး။ ဘာတစ်ခုမှ ပြင်ဆင်မွမ်းမံမထားရသေးတဲ့ အခန်းလွတ်ကို ကြည့်နေရင်း ကျွန်မ

mgyue.com